# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈၉.၀၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကျန်းမာရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေး။ ဦးဋွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ကျိုက်မရောမြို့နယ် ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင် က ကျိုက်မရောမြို့နယ် ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ဆောင်ရွက်ပေးမယ့် အစီအစဉ် နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ကျိုက်မရောမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျိုက်မရောမြို့နယ် ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ဆောင်ရွက်ပေးမည့် အစီအစဉ် သိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ် မြစ်(၃)မြစ်တို့ ပေါင်းဆုံပြီး မော်လမြိုင်နှင့် မုတ္တမကြားမှ ပင်လယ်ထဲသို့ စီးဝင်ရပါတယ်။ မိုးတွင်းအခါ မိုးရွာများတဲ့ လများဖြစ်သော ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရွာသွန်းတဲ့ မိုးရေများသည် မြစ်(၃)မြစ်တို့မှ ပင်လယ်ထဲသို့ စီးဝင်ရန် ကျဉ်းမြောင်းတဲ့ မြစ်ဝတစ်ခုတည်းသာ ရှိနေပါသဖြင့် မိုးရေများ ကျန်ရစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ အတ္တရံမြစ်သည် ကျိုက်မရောမြို့နယ်၏အလယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ မြစ်ရေများ ပင်လယ်ထဲသို့ စီးဝင်နိုင်ခြင်းမရှိသဖြင့် ကျိုက်မရောမြို့နယ် ရေကြီးနစ်မြုပ်ရခြင်း ဖြစ်ပါတယ်။ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ စိုက်ပျိုးထားသော လယ်မြေများ နစ်မြုပ်ရသဖြင့် နှစ်စဉ်ဘေးအန္တရာယ် ကျရောက်လျက်ရှိခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ သဘာဝကို လူတွေက ပြုပြင်ပြောင်းလဲ တားဆီးလို့ရတဲ့ခေတ်သို့ ရောက်ရှိနေပါပြီ။

ယခုအခါ စက်ယန္တရားများလည်း ခေတ်မီစွာ ရှိနေပြီဖြစ်ပါတယ်။ လူနေအိမ်များ ရေမြုပ်လို့ လူတွေကို ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းစခန်းချနေ၍ ရပါတယ်။ တိရစ္ဆာန်များလည်း ဒုက္ခရောက်ကြရပါတယ်။ လယ်များရေမြုပ်လို့ ကယ်ဆယ်၍ မရနိုင်ပါ။ စိုက်ပျိုးထားသော လယ်ဧကသောင်းနှင့်ချီပြီး ပျက်စီးဆုံးရှုံးရပါတယ်။ ကျိုက်မရောမြို့နယ် လယ်သမားများမှာ ရေကြီးနစ်မြုပ်သွားတဲ့ လယ်များကို ပြန်လည်စိုက်ပျိုးရသဖြင့် စိုက်စရိတ်နှစ်ခါ ကုန်ကျရပါတယ်။ လယ်လုပ်၍ တွက်ချေမကိုက်ဖြစ်ကာ လယ်ဧကများစွာ စိုက်ပျိုးခြင်း မပြုလုပ်နိုင်တော့ပဲ နှစ်ပေါင်းကြာရှည်စွာ စွန့်ပစ်ထားခဲ့ကြရပါတယ်။ အလုပ်သမားရှားပါးလာခြင်း၊ စိုက်စရိတ်တိုးမြင့် လာခြင်း၊ အထွက်နှုန်းနည်းပါးခြင်းတို့ကြောင့် ဖြစ်ပါတယ်။ စာသင်ကျောင်းများ နစ်မြုပ်ရသဖြင့် ကျောင်းသားများ လနှင့်ချီပြီး စာသင်ပျက်ရပါတယ်။ မွန်ပြည်နယ်(၁၀)မြို့နယ်ထဲမှ ကျိုက်မရောမြို့နယ်သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျရပါတယ်။ ပင်လယ်ထဲသို့ ရေဖြတ်စီးဆင်းနိုင်ရန်အတွက် နတ်စမ်းကွင်းမှ တောင်ညိုတောင်တန်း အနိမ့်ဆုံး နေရာကိုဖြတ်ပြီး ရေနုတ်တူးမြောင်း တူးဖော်ဖောက်ချ၍ ဖြစ်နိုင်ကြောင်း၊ ရေနုတ်မြောင်းကို အနက်ကြီး တူးရန် မဟုတ်ဘဲ ပိုလျှံရေကို လွှဲထုတ်ချရန်သာ ဖြစ်ပါတယ်။ ဒါမှမဟုတ် တတ်သိပညာရှင်များမှ သုတေသနပြုလေ့လာပြီး ကြီးနေသောရေကို လျင်မြန်စွာ လျော့ကျသွားရန်သာ ဖြစ်ပါတယ်။ ရေများကို လျှော့ချနိုင်ပါက ရေကြီးကာလ လျော့ကျမြန်လာသဖြင့် ရေကြီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုလည်း နည်းပါးလာမည် ဖြစ်ပါတယ်။ ကျိုက်မရောမြို့နယ်တွင် ထုံးကျောက်တောင် များစွာရှိပါတယ်။ ဘိလပ်မြေစက်ရုံလည်း များစွာတည်ဆောက်နိုင်သည့် မြို့နယ်တစ်ခု ဖြစ်ပါတယ်။

ယခုအခါ ဘိလပ်မြေစက်ရုံတည်ဆောက်ရန် ပြင်ဆင်နေပြီ ဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်မှု ကာလလျော့နည်းပါက ဘိလပ်မြေစက်ရုံအတွက်လည်း များစွာအထောက်အကူပြုမည် ဖြစ်ပါတယ်။ ယခုနှစ် ရေကြီးကာလတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီမှ ကျိုက်မရောမြို့နယ်သို့ သွားရောက်ကယ်ဆယ်ခဲ့တဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။ သို့ဖြစ်၍ ကျိုက်မရောမြို့နယ် နှစ်စဉ်ရေကြီး နစ်မြုပ်မှု ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၅။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင် ရဲ့ ကျိုက်မရောမြို့နယ် ရေကြီးမှုမှ ကာကွယ်ပေးမယ့် အစီအစဉ်နှင့် ပတ်သက်ပြီးတော့မှ ကျွန်တော် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျိုက်မရောမြို့နယ်အတွင်း ရေကြီးချိန်တွင် မုတ္တမပင်လယ်အတွင်းသို့ ရေထုတ်နုတ်နိုင်ရန် ကိုယ်စားလှယ်တော်ကြီး အဓိက တင်ပြထားသော လုပ်ငန်းဖြစ်သည့် ကျိုက်မရောမြို့နယ်၊ ဘိန်းဗျောကျေးရွာအုပ်စု၊ နတ်စမ်းကွင်းမှ တောင်ညိုတောင်၏ အနိမ့်ဆုံးနေရာကိုဖြတ်ပြီး ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းမှာ ပဏာမ စူးစမ်းလေ့လာတိုင်းတာ တွက်ချက်မှုများအရ အတ္ထရံမြစ်မှ သံလွင်မြစ်ဝအထိ အလျားပေ(၄၅၀၀၀)ခန့် ရှည်လျားသော ရေနုတ်မြောင်းကို တူးဖော်ရမှာ ဖြစ်ပါတယ်။

အဆိုပါ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တောင်ညိုတောင်၏ အနိမ့်ဆုံးတောင်ချိုင့်ဝှမ်းနေရာ၌ အမြင့်(၂၅၀)ပေ၊ အလျား(၁၅၀၀၀)ပေခန့် ရှိသော ကျောက်သားမျက်နှာပြင်ကို မိုင်းခွဲဖယ်ရှားရမည့် လုပ်ငန်းစဉ်လည်း ပါဝင်သည်ဖြစ်ရာ လုပ်ငန်းပမာဏ များစွာကြီးမားပါတယ်။ ထို့အပြင် အဆိုပါ ရေနုတ်မြောင်းကို ပင်လယ်ဝထိ တူးဖော်ပါက ရေလျှင်မြန်စွာ ထုတ်နုတ်နိုင်မည် ဖြစ်သော်လည်း မိုးရာသီ ပင်လယ်ဒီရေတက်လာပါက ရေထောက်သဖြင့် မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများ ပိုမိုဖြစ်လာနိုင်ပါတယ်။ တက်လာသော ဒီရေကြောင့် ပင်လယ်ဆားငန်ရေများ ဝင်ရောက်နိုင်ပြီး လယ်ကွင်းများ ပျက်စီးဆုံးရှုံးနိုင် ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါဆိုးကျိုးများကို ခံစားရနိုင်သဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသည့် ရေနုတ်မြောင်းတူးဖော်ခြင်းကို ဆောင်ရွက်ရန် မသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျိုက်မရောမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ တူးဖော်ထိန်းသိမ်းထားသော တူးမြောင်း(၁၀)ခုရှိပြီး၊ အရှည်(၁၈.၈၃)မိုင်၊ ရေဘေးကာကွယ် ဧရိယာ(၈၇၂၁) ဧက ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ကျိုက်မရောမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ချောင်းကော၊ မြောင်းကောများကို နှစ်စဉ်နှစ်တိုင်း တူးဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်းရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ကင်းချောင်းပြန်လည်တူးဖော်ခြင်း လုပ်ငန်း၊တရနာ-ငါးခူတောင်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့် အလယ်တောင်-ကော့သပ် မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ခရုံ-ဂျိုင်းဖြတ်မြောင်းပြန်လည်တူးဖော်ခြင်း၊ထွန်းသန်းတူးမြောင်း တူးဖော်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လာမည့် ပွင့်လင်းရာသီတွင်လည်း မုဆိုးကျွန်း-ဓမ္မသမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ ကျုံးဝမ်းမြောင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ဓမ္မသမြောင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ပေးသည့် လုပ်ငန်းများကြောင့် ကျိုက်မရောမြို့နယ် ရေကြီးရေလျှံမှုကို တစ်စိတ်တစ်ဒေသသာ ကာကွယ်ပေးနိုင်မည်ဖြစ်ပါတယ်။ ကျိုက်မရောမြို့နယ်၏ မိုးရာသီ ရေကြီး ရေလျှံမှုဖြစ်စဉ်ကို သုံးသပ်တင်ပြရပါက နှစ်စဉ် မိုးရာသီရောက်တိုင်း မုတ္တမပင်လယ်ရေမျက်နှာပြင် မြင့်တက်နေချိန်နဲ့မိုးအားကောင်း၍ သံလွင်မြစ်နှင့်ဂျိုင်းမြစ်တို့မှ မုတ္တမပင်လယ်သို့ ရေအလုံးအရင်း စီးဆင်းချိန်တို့ တိုက်ဆိုင်ပြီး အတ္တရံမြစ်ရေစီးဆင်းမှုကို တွန်းလှန်ဟန့်တားလိုက်သဖြင့် အဆိုပါ ရေကြီးချိန် အခိုက်အတန့်တွင် အတ္တရံမြစ်ရေ မစီးဆင်းနိုင်သောကြောင့် ကျိုက်မရောမြို့ ရေကြီးရခြင်း ဖြစ်ပါတယ်။ ပထဝီအနေအထားအရ အတ္တရံမြစ်သည် တောင်မှမြောက်သို့ စီးဆင်းပြီး သံလွင်မြစ် သည် မြောက်မှတောင်သို့ စီးဆင်းသဖြင့် ရေထုထည်အင်အားကြီးမားသော သံလွင်မြစ်၏ ဟန့်တား မှုကို ခံနေရခြင်း ဖြစ်ပါတယ်။

ကျိုက်မရောမြို့နယ် ရေကြီးမှုမှ ကာကွယ်ရန် သဘာဝကို အန်တုနိုင်သည့် နည်းပညာ ရှိပါတယ်။ သို့ရာတွင် အခိုက်အတန့်အားဖြင့် မိမိနိုင်ငံ၏နည်းပညာနှင့် ငွေအင်အား မပြည့်စုံသေး ခြင်းကြောင့် ဆောင်ရွက်ရန် အခက်အခဲ ရှိပါတယ်။ နိုင်ငံတကာနှင့် ညှိနှိုင်းပေါင်းစပ်နိုင်သည့်အချိန် တွင် ဖြေရှင်းပေးနိုင်မည် ဖြစ်ပါတယ်။ နိုင်ငံတကာမှ အကူအညီရရှိချိန်တွင် အသင့်ဖြစ်စေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ဇလဗေဒစူးစမ်းလေ့လာမှု အပါအဝင် လိုအပ်သော စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၏ သင့်လျော်ရာအရပ်၌ အထည်ချုပ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းကြီး များပါဝင်သော အထူးစီးပွားရေးဇုန် (Special Economic Zone) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၏ သင့်လျော်ရာအရပ်၌ အထည်ချုပ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းကြီး များ ပါဝင်သော အထူးစီးပွားရေးဇုန် (Special Economic Zone) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ကြွရောက်လာတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအမှူးပြုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေရန် မေတ္တာပို့သ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းလေးဟာ ကျွန်တော်တို့ ဒေသနဲ့ လွှမ်းခြုံပြီးကာမှ သုံးသပ်ဆင်ခြင် စဥ်းစားနိုင်အောင်ဆိုတဲ့ ရည်မှန်းချက်နဲ့ တင်ပြမေးမြန်းခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးဟာ အုပ်ချုပ်တဲ့အစိုးရရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည်ဖြင့် အင်မတန် အရေးတကြီးလိုအပ်တဲ့ မူဝါဒပေါ်လစီတွေ အပေါ်မှာ မူတည်ပါတယ်။ အဲဒီတော့ နိုင်ငံတစ်ခု၊ ဒေသတစ်ခု ချွတ်ခြုံကျနေတာတွေဟာ အုပ်ချုပ်သူ၊ အုပ်ချုပ်ရေးယန္တရားအဆက်ဆက်ရဲ့ အုပ်ချုပ်မှု ပုံသဏ္ဌာန်မမှန်လို့ပဲဖြစ်ဖြစ်၊ ချွတ်ယွင်းလို့ပဲဖြစ်ဖြစ် ဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော်တို့ ဝန်ခံကြမှာဖြစ်သလို သင်ခန်းစာ ယူကြမှာလည်း ဖြစ်ပါတယ်။ အဲဒီတော့ အုပ်ချုပ်ရေးယန္တရားဟာ ပြည်သူတွေအတွက် စီမံခန့်ခွဲမှု ကွင်းဆက်ကောင်း မဖြစ်ခဲ့ဘဲနဲ့ အုပ်ချုပ်သူအဆင့်ဆင့် အုပ်ချုပ်တဲ့ အကြောင်းတရား အဆက်ဆက်တွေရဲ့ ဖုံးကွယ်လိုမှု၊ ခုနက ဖိနှိပ်လိုမှု၊ တည်မြဲလိုမှုတွေကို အသုံးချခံခဲ့ကြတဲ့အခါမှာ ဒီနေ့ ကျွန်တော်တို့ရဲ့ လူထုဟာ ကျွန်တော်တို့ရဲ့ စီမံခန့်ခွဲမှုယန္တရားအပေါ်မှာ၊ အုပ်ချုပ်ရေးယန္တရားအပေါ်မှာ၊ တရားစီရင်ရေး ယန္တရားအပေါ်မှာ သံသယတွေဝင်ပြီးကာမှ ဒီနေ့ ကျွန်တော်တို့ ကြုံတွေ့နေကြရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးယန္တရား မှန်ကန်တိကျပြီးကာမှ ဖွံ့ဖြိုးတိုးတက်ဖို့ကို ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပေါ်လစီတွေဟာ အင်မတန်ကို အရေးကြီးတယ်ဆိုတာကို တင်ပြချင်ပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ ကျွမ်းကျင်သူတွေရဲ့ တာဝန်၊ နေရာပေးမှု၊ ပျိုးထောင်မှု၊ လေ့ကျင့်မှု၊ တာဝန်ယူ၊ တာဝန်ခံခိုင်းမှုဆိုတာ အင်မတန်အရေးကြီးတဲ့ စီးပွားရေးအရ ရှေ့ခရီးကို ပီပီပြင်ပြင်သွားဖို့အတွက် လိုအပ်တဲ့ ကဏ္ဍဖြစ်တယ်ဆိုတာကို တင်ပြချင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ Micro Economy နဲ့ Macro Economy ကို ယှဉ်ပြီးကာမှ ကျွန်တော်တို့ရဲ့ ဒီနိုင်ငံရဲ့ ဒေသတစ်ခုရဲ့ Geopolitics အားသာချက်၊ အားနည်းချက်တွေကို အကွက်မိမိ ဆုပ်ကိုင်ပြီးကာမှ ကျွန်တော်တို့ရဲ့ စီးပွားရေးပေါ်လစီတွေကို ခိုင်ခိုင်မာမာ ဖြစ်အောင် ကျွန်တော်တို့ ချမှတ်ဖို့ကာလ ရောက်နေပြီဆိုတာကို ထပ်ဆင့်တင်ပြချင်ပါတယ်။ ကျွန်တော်တို့ သတ္တိရှိဖို့လိုပါတယ်။ ကျွန်တော်တို့ သတ္တိရှိရှိနဲ့ နိုင်ငံရေးအယူအဆတွေကို ကျွန်တော်တို့ အခု ခြေလှမ်းပျိုးနေကြသလို ပီပြင်တဲ့ ပြည်ထောင်စုစစ်စစ် ဖြစ်ပြီးကာမှ အမျိုးသားပြည်နယ်တွေနဲ့၊ အာဏာခွဲဝေမှုတွေနဲ့ ကျွန်တော်တို့ရဲ့ ဒီ အပြိုင်အဆိုင် သယံဇာတမျှဝေမှုတွေနဲ့ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်တွေကို ပြည့်ပြည့်ဝဝ ပေးပြီးကာမှ စီးပွားရေး စီမံခန့်ခွဲမှုတွေကို မျှဝေပေးပြီးကာမှ ဖွံ့ဖြိုးတိုးတက်မှု

လမ်းကြောင်းကိုရအောင် ကျွန်တော်တို့ အပြိုင်အဆိုင် ချီတက်ကြရမယ့်ကာလကို ရောက်နေပြီ ဖြစ်ပါတယ်။

တရုတ်ပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဒီ အားသာချက် ဖြစ်တဲ့ တရုတ်ပင်လယ်ကမ်းရိုးတန်းတွေရဲ့ ဦးဆောင်မှုအခန်းကဏ္ဍဟာ အင်မတန်အရေးကြီးခဲ့တယ် ဆိုတာကို ဖတ်မိသူတိုင်း ဆင်ခြင်မိကြမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ပစိဖိတ်သမုဒ္ဒရာရဲ့ ခုန အားသာ ချက်ကို အသုံးပြုခြင်းကြောင့် ကျွန်တော်တို့ရဲ့ ပင်လယ်ဆိပ်ကမ်းတွေဟာ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက် လာပြီးကာမှ ဒီ ပစိဖိတ် Region ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကအားသာချက်ဟာ ကျွန်တော်တို့ ပြောနေကြတဲ့ ဆိပ်ကမ်းတွေရဲ့ အားသာချက်ကို အသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်ဆိုတော့ ကျွန်တော်တို့ နိုင်ငံတွေမှာ မိုင်ပေါင်းထောင်ချီပြီးခါမှ ရှည်လျားတဲ့ ကမ်းရိုးတန်းကြီးတွေ ရှိပါတယ်။ ကျွန်တော်တို့ဟာ ဆယ်စုနှစ်ပေါင်းများစွာ ဒီ သမုဒ္ဒရာထွက်ပေါက်တွေရဲ့ ပင်လယ်ဆိပ်ကမ်းတွေရဲ့ အားသာချက်ကို မေ့ပြီးကာမှ လျစ်လျူရှုမိထားခဲ့ကြတယ်ဆိုတာကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဒီ အိန္ဒိယသမုဒ္ဒရာရဲ့ ထွက်ပေါက် Two Ocean Policy ဆိုရင် တရုတ်ပြည်ရဲ့ အဓိကလာမယ့် ဆယ်စု နှစ်ခု၊ သုံးခု ကာလအတွက် အဓိက ရည်မှန်းချက် ဖြစ်သလို အိန္ဒိယရဲ့ ဒီအရှေ့မျှော်မူဝါဒ၊ အရှေ့မျှော်မူဝါဒရဲ့ လမ်းကြောင်းမှာကျနေတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရဲ့ အခြေအနေ၊ ဒါတွေအကုန်လုံးကို ကျွန်တော်တို့က အကွက်မိမိ အသုံးချ နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီ မြန်မာနိုင်ငံအလယ်ပိုင်း၊ ကျွန်တော်တို့ရဲ့ ဒီ မိုးနည်းရပ်ဝန်းဒေသ ဖြစ်တဲ့ မကွေး၊ မင်းဘူးဒေသရဲ့ ဆီထွက်၊ မြေလတ်ဒေသရဲ့ အဓိက ပင်လယ်ထွက်ပေါက်ဖြစ်တဲ့ ရခိုင်ကမ်းမြှောင်ဒေသရဲ့ စစ်တွေ၊ ကုလားတန်ဖွံ့ဖြိုးမှု Project ကို အသုံးပြုနေတဲ့ လက်ရှိ အခြေအနေကို အကျိုးရှိရှိ၊ ထိထိမိမိသာ အသုံးပြုခဲ့နိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီအလဟဿ ထားခဲ့မိကြတဲ့ ဆယ်စုနှစ်ပေါင်းများစွာ ချွတ်ခြုံမကျသင့်ဘဲနဲ့ ချွတ်ခြုံကျခဲ့ကြရတဲ့ ဖွံ့ဖြိုးတိုးတက် နိုင်ချေရှိတဲ့ ဒေသတွေကို ကျွန်တော်တို့ အကွက်မိမိအသုံးချနိုင်ခဲ့ကြမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ် အထူးသဖြင့် စစ်တွေမြို့နဲ့ ပတ်သက်လို့ ကဏ္ဍတစ်ခုကို စဥ်းစား သင့်ပြီဆိုတဲ့ အယူအဆနဲ့ ဒီ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ရခိုင်ပြည်၊ စစ်တွေမြို့ကြီးကို ပြန်ကြည့်တဲ့အခါမှာ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ အပြီး ၁၈၂၆ ကစပြီးတော့ ဒီမြို့ကြီးကို အင်္ဂလိပ်ကစပြီးတော့ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း (၂၀၀)နီးပါးလောက် ရှိပါပြီ။ တိတိကျကျ ပြောရလျှင် (၁၈၇)နှစ် ရှိခဲ့ပါပြီ။ အဲဒီတော့ အင်္ဂလိပ်က ဒီမြို့ကို စတည်ကတည်းက မြို့ကွက်ချ၊ စီးပွားရေးဇုန်တွေ၊ အထူးသဖြင့် ဆန်စပါးနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင်လုပ်ပြီးကာမှ ပင်လယ်ဆိပ်ကမ်းကို ကောင်းအောင် လုပ်၊ နိုင်ငံခြားကို ဆန်၊ ဆန်ထွက်ပစ္စည်းတွေကို ပို့မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ စစ်တွေမြို့ကို အကွက်ချ ဖန်တီးခဲ့ပါတယ်။ ဆိပ်ကမ်းတွေ၊ ဈေးတွေ၊ ဆေးရုံကြီးတွေ၊ အုပ်ချုပ်မှုယန္တရားတွေ၊ ရဲစခန်းတွေ၊ အကျဥ်းထောင်တွေ၊ ပင်လယ်ဆိပ်ကမ်း အပန်းဖြေစခန်းတွေနဲ့ သေသေချာချာ အကွက်ချပြီး တည်ထောင်ထားခဲ့တဲ့ မြို့ကြီးဖြစ်ပါတယ်။ အဲဒီဒေသက စီးပွားရေးဖွံ့ဖြိုးမှု ရနိုင်အောင် မြို့ပြ

စည်ပင် ဖွံ့ဖြိုးလာအောင်၊ မြို့ပြနဲ့ တွဲပြီးခါမှ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့ အဓိက ဆန်စပါးလုပ်ငန်းကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီကြောင့် မြို့ပြတစ်ခု ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိက မြို့ပြကို မှီနေတဲ့လူတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ အင်မတန် အရေးကြီးပါတယ်။ အဲဒါကြောင့် မြို့ပြဖွံ့ဖြိုးမှုကို စဉ်းစားတိုင်း ဒီမြို့ပြမှာ မှီတင်းနေထိုင်ကြတဲ့ လူထုအလွှာအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်တဲ့ စီးပွားရေး Poilcy တစ်ခုကို ဘယ်လိုတည်ဆောက်ရင် ကောင်းမလဲဆိုတဲ့ ရည်မှန်းချက်ဟာ အင်မတန် အရေးကြီးတယ်လို့ ကျွန်တော်သုံးသပ်ပါတယ်။ အဲဒီတော့ စစ်တွေမြို့ရဲ့ အခြေအနေကို ပြန်ကြည့်ရင် ပင်လယ်ရေမျက်နှာပြင်အထက် (၁၅)ပေလောက်ပဲ ရှိပါတယ်။ ကုလားတန်မြစ်ကြီးရဲ့ အဝမှာ ရှိတယ်။ ဒီဘက်က အခု ကုလားတန်ဖွံ့ဖြိုးရေး Project ရဲ့ အဓိကအားသာချက်၊ အိန္ဒိယရဲ့ အရှေ့-မြောက် အာသံ၊ မဏိပူပြည်နယ်တွေရဲ့ အဓိက ကြားခံစခန်းမှာ ရှိနေတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဒီ ကာလကတ္တား၊ ကီလိုမီတာ (၇၀၀)ကျော်လောက်ပဲ ရှိပါတယ်။ ဒီဘက်က ကိုလံဘို၊ ဟိုဘက်က ကျွန်တော်တို့ရဲ့ ဒီ စစ်တကောင်းပေါ့၊ ဒီကြားမှာရှိတဲ့ အားသာချက်ကို သေသေချာချာ အသုံးချမယ် ဆိုရင် မင်းဘူးကနေ ဖြတ်လာတဲ့ ကျွန်တော်တို့ရဲ့ ဒီ အမ်း-စစ်တွေလမ်းကြီးရဲ့ တကယ်လို့များ ကျွန်တော်တို့ရဲ့ ဒီ မင်းပြားကနေ၊ ဟိုးဘက်က ကျွန်တော်တို့ရဲ့ ဒီ မြောက်ဦး-ကျောက်တော်ကို ပတ်ပြီးကာမှ မသွားဘဲနဲ့ ပေါက်တော-မင်းပြား၊ မင်းပြား-ပေါက်တော-စစ်တွေလမ်းကိုသာ ကျွန်တော်တို့ တိုက်ရိုက်ဖောက်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ မိုင်(၈၀)လောက် သက်သာပြီးကာမှ၊ မြန်မာနိုင်ငံ အလယ်ပိုင်းရဲ့ ထွက်ပေါက်၊ အိန္ဒိယသမုဒ္ဒရာ စီးပွားရေး Corridor ကြီးအဖြစ် ကျွန်တော်တို့ ဖန်တီး နိုင်မှာ ဖြစ်ပါတယ်။

အဲဒီလိုပဲ ဟိုးဘက်က ဘင်္ဂလားဒေ့ရှ်မှာ ပြုလုပ်နေတဲ့ ခုနက အထည်ချုပ်လုပ်ငန်း၊ အထူး သဖြင့် အဆောက်အဦတွေ ပြိုပျက်ပြီးတဲ့နောက်မှာ ယိုင်လဲနေတဲ့ ကျွန်တော်တို့ရဲ့ စီးပွားရေး လုပ်ငန်းကို ပြန်ရွှေ့ဖို့အတွက် ကျွန်တော်တို့ရဲ့ ဒီ စီးပွားရေးလုပ်ငန်းရှင် တော်တော်များများဟာ ဗမာပြည် ကိုလာမလား၊ ဗီယက်နမ်ကို သွားမလားဆိုတဲ့ အယူအဆဖြစ်နေတဲ့ ကာလမှာ ဒီ ရခိုင် ပြည်နယ် စစ်တွေမြို့ရဲ့ အဓိကအားသာချက်ကို အသုံးပြုပြီးကာမှ စစ်တွေဒေသရဲ့ မြို့ပြ ဖွံ့ဖြိုးမှုကို စီမံကိန်း၊ စီမံချက်နဲ့ ပြန်လည်တည်ဆောက်၊ ဒီ စီမံကိန်း၊ စီမံချက်တွေဟာလည်းပဲ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ ဖြစ်သွားခဲ့တဲ့ ရခိုင်-ဘင်္ဂါလီ ပဋိပက္ခအလွန်ကာလ၊ အခုဆိုရင် ဘင်္ဂါလီစခန်းမှာ လူဦးရေဟာ (၁)သိန်းကျော်လောက် ရှိနေပါတယ်။ (၁)သိန်းခွဲလောက် ရှိတယ်ဆိုတော့ ဒီ လူမျိုးနွယ်စု (၂)စုရဲ့ သဟဇာတဖြစ်မှုအတွက် လိုအပ်တဲ့ စီးပွားရေးအဆောက်အဦး ပုံသဏ္ဍာန်ကို တည်ဆောက် နိုင်ဖို့အတွက် အဓိကကျွန်တော်တို့ရဲ့ ဒီ မူခြေကိန်းတစ်ခုဟာ ရခိုင်ပြည်နယ် စစ်တွေမြို့မှာရှိတဲ့ စစ်တွေလွင်ပြင် သို့မဟုတ် အနီးအနားမှာရှိတဲ့ ပုဏ္ဏားကျွန်းလွင်ပြင်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီ ဖွံ့ဖြိုး တိုးတက်မှု အားသားချက်ကို ဟိုဘက်က ကျွန်တော်တို့ရဲ့ ဒီ ကာလကတ္တား၊ ကာလကတ္တားက လာမယ့် ကုန်စည်တွေ၊ ဟိုဘက်က သံ၊ သံမဏိတွေရဲ့ ခုနက ဈေးနှုန်းချိုသာတဲ့ အားသာချက်တွေကို ယူပြီး ကာမှ ဒီ အရှေ့-မြောက်ကိုသွားတဲ့ လမ်းကြောင်းမှာ တည်ရှိတဲ့ ဒီ လွင်ပြင်ကြီးမှာသာလျှင် ကျွန်တော်တို့ Tax Free ထားနိုင်တဲ့ တကယ့်စီးပွားရေးပေါ်လစီတွေနဲ့ အမျိုးသားပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်နိုင်တဲ့ နိုင်ငံရေးပေါ်လစီတွေနဲ့သာ ချမှတ်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်

ထင်ပါတယ်။ ကျွန်တော်တို့ရဲ့ အားသာချက်ဟာ ဆိပ်ကမ်းတွေ၊ ပင်လယ်ဆိပ်ကမ်းကြီး တွေနဲ့အတူ နိုင်ငံခြားကုန်သွယ်မှုတွေကို ဖွံ့ဖြိုးတိုးတက်နိုင်တာနဲ့အတူ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဟာ လာမယ့် (၂)နှစ်ခွဲလောက်အတွင်းမှာ ဦးပြန်မော့လာနိုင်မယ့် အခြေအနေ ရှိပါတယ်။

အဲဒါကြောင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အပါအဝင် ပင်လယ် ထွက်ပေါက်၊ ဝင်ပေါက် တွေရှိတဲ့ ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်တော်တို့ မေ့နေခဲ့တဲ့ ကျွန်တော်တို့ရဲ့ စီးပွားရေး ပေါ်လစီတွေကို ပြန်လည်သတိပေးတဲ့အနေနဲ့ အမှတ်တရဖြစ်အောင် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းရဲ့ ပင်မရည်မှန်းချက်ထဲမှာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲက တစ်ပိုင်းတစ်စလည်းပါ ပါတယ်။ သူမိန့်မှာသွားခဲ့တာကတော့ဖြင့် ရခိုင်ပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး၊ အထီးကျန် ရှိနေပါတယ်။ ဆင်းရဲနွမ်းပါးမှု မြင့်မားပြီး ပညာရေး နိမ့်ကျပါတယ်။ စီးပွားရေး အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါတယ်။ ဒီလိုအကြောင်းအရင်းတွေကြောင့် မူဆလင်နဲ့ ရခိုင်လူမျိုးစု (၂)ခုကြား ပြဿနာဖြစ်ခဲ့ပါတယ်ဆိုတဲ့ မှတ်ချက်ပါ။

အဲဒါကြောင့်မို့လို့ လက်ရှိတည်ငြိမ်အေးချမ်းမှု စရနေတဲ့ Community (၂)ခုရဲ့ ရှေ့ဆက် သွားရမယ့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုရအောင် အဓိက စီးပွားဖွံ့ဖြိုး တိုးတက်မှုရှိအောင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာအောင်၊ နိုင်ငံတကာ အဖွဲ့အစည်းတွေ ကလည်းပဲ ခုနကလို တစ်နေ့စာတစ်နေ့ ပေးနေတဲ့ နပ်မှန်စားအောင်ပေးနေတဲ့ အကူအညီမျိုး မဟုတ်ဘဲနဲ့ တည်တံ့တဲ့၊ ထာဝရတည်တံ့နိုင်တဲ့ ငြိမ်းချမ်းမှုလေးတစ်ခုရအောင် စီးပွားရေး မျှခြေမှု တစ်ခုရအောင် တစ်ခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီးခါမှ ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပေါ်လစီတွေကို အပြန်အလှန်သုံးသပ်ပြီး ကျွန်တော်တို့ ချမှတ်နိုင်အောင်ဆိုတဲ့ ရည်မှန်းချက်နဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ မေးမြန်းခြင်း ဖြစ်ပါတယ်။ မကြာမီ ရခိုင် ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များမှ ဓာတ်ငွေ့များ ထပ်မံထွက်ရှိလာမည်ဖြစ်ရာ အိန္ဒိယ၏ ကုလားတန် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းနဲ့အတူ စစ်တွေလွင်ပြင် ဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်ကြီးများ၊ အထည်ချုပ်လုပ်ငန်းများ အပြိုင်တည်ဆောက်ပေးခြင်းသည် ပဋိပက္ခအလွန်၊ လူမှုစီးပွား တည်ငြိမ်ပြီး သဟဇာတဖြစ်ရေး ဆုံမှတ်တစ်ခု ဖြစ်လာနိုင်ခြင်း၊ မြေလတ်ပိုင်း မကွေးလွင်ပြင်၏ ဆီထွက်သီးနှံ၊ ပဲမျိုးစုံဈေးကွက်အား အိန္ဒိယ အရှေ့-မြောက် ဈေးကွက်သစ်အဖြစ် အသွင်ပြောင်းနိုင်ရေးတို့အတွက် (က) စစ်တွေမြို့နယ်၏ သင့်လျော်ရာအရပ်၌ အထည်ချုပ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းကြီးများ ပါဝင်သော အထူးစီးပွားရေးဇုန် (SEZ) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ (ခ) ရှိပါက မည်ကဲ့သို့သော စီးပွားရေးမျှော်ကိုးမှုနဲ့ နိုင်ငံတကာကုမ္ပဏီများ ပါဝင်သော စက်မှု လုပ်ငန်းများ တည်ထောင်မည်။ မည်ကဲ့သို့ ကျွမ်းကျင်ပညာရှင်များဖြင့် စက်မှုဇုန်၊ အထူးစီးပွားရေး ဇုန် စီမံကိန်းအား ရေးဆွဲမည်။ Infrastructure အား မည်ကဲ့သို့ ဆောင်ရွက်ပေးမည်။ မည်သည့် ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်နိုင်မည်တို့ကို ရှင်းလင်းပေးစေလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၂။**

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် ရဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၏ သင့်လျော်ရာအရပ်၌ အထည်ချုပ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းကြီးများ ပါဝင်သော အထူးစီးပွားရေးဇုန် (Special Economic Zone) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒေသတစ်ခုမှာ စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပေါ်လာရေးဟာ Infrastructure ကောင်းမွန်တိုးတက်၍ အထောက်အကူပြုလုပ်ငန်းများ၊ သွင်းအားစုများ (Facilities and Utilities) ဖြစ်တဲ့ မြေဧရိယာ၊ ရေ၊ လျှပ်စစ်မီး၊ လမ်းပန်းနှင့် စွမ်းအင် စသည်တို့ ပြည့်စုံရန် လိုအပ်သည့်အပြင်၊ ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူများ အနေနဲ့လည်း လုပ်ငန်းဆောင်ရွက်မယ့် ဒေသရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုတိုးတက်မှု၊ ထုတ်လုပ်မည့် ကုန်ချောပစ္စည်းများအား ပြည်တွင်း/ပြည်ပသို့ ပြန်လည်တင်ပို့ ရောင်းချနိုင်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးနိုင်မှု အလားအလာ ရှိ/မရှိ တို့ကို သိရှိနိုင်ရေးအတွက် လိုအပ်သော Feasibility Study အား ပြုလုပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ယခုအခါ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်နိုင်မယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများ လိုအပ်နေသေးတဲ့အတွက် စက်မှုဇုန်လုပ်ငန်းကြီးများ ပါဝင်တဲ့ အထူးစီးပွားရေးဇုန် (Special Economice Zone) တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဟို ဝန်ကြီး ရှင်းပြတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ ပြန်လှန်သုံးသပ်ပေးဖို့ လိုပါတယ်။ ဘာလို့လဲဆိုရင် Infrastructure ပိုင်းကို ကျွန်တော်တို့ တော်တော်လေ့လာပြီးပါပြီ။ အခုဆိုရင် ပြီးခဲ့တဲ့ နှစ်ပေါင်း (၂၀)ကျော်ကာလက ခုနက စစ်တွေ-အမ်းလမ်း ဆိုတာ မျှော်မှန်းနိုင်ခြေ မရှိခဲ့ပါဘူး။ ဒါပေမဲ့ Infrastructure အပိုင်းမှာ လမ်းပန်းဆက်သွယ်မှုဟာ ကောင်းလာပါပြီ။ အဲဒါကြောင့် မြေလတ်ပိုင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဟာ ခုန Short Cut ကို ကျွန်တော် တင်ပြတာပါ။ အမြန်ဆုံးနဲ့ ဒီဘက်က မြေလတ်ပိုင်းမှာ ပိတ်နေတဲ့ ကုန်တွေကို ဖွင့်ဖို့အတွက် ပင်လယ်ထွက်ပေါက် ကျွန်တော်တို့ လိုပါတယ်။

(၁) အချက်ပါ။ (၂)အချက်က ခုနက ကျွန်တော်တို့ရဲ့ လျှပ်စစ်၊ ဒီ စွမ်းအင်လိုအပ်ချက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းတဲ့အခါမှာ ဟုတ်ပြီ၊ Shwe Gas က ထွက်မယ့် (၁၀၀)ထဲက (20) Percent လောက်ကို ရခိုင်ဖွံ့ဖြိုးမှုအတွက် ပေးမယ်ဆိုတဲ့ ကျွန်တော်တို့ ကြားနေရပါတယ်။ အဲဒါကြောင့် သယံဇာတခွဲဝေမှုနဲ့ ပတ်သက်လို့လည်း ဒီဘက်က လုပ်ငန်းရှင်ကြီးတွေဟာ အထူးသဖြင့် ဒီ Micro Economy ကို လုပ်နေသလို Macro ကိုလည်း ကူပေးမယ် ဆိုတဲ့ သဘောနဲ့ ကျွန်တော်တို့ ဆွေးနွေးမှုတွေ ရှိခဲ့ပါတယ်။

အဲဒါကြောင့် ဒီ (20)၊ ကုဗပေသန်းထဲက တချို့တစ်ဝက်ကို ရခိုင်မြောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် သုံးမယ်။ ဟိုးဘက်က AD - 7 တို့က ထွက်လာမယ့်၊ နောင်ထွက်လာမယ့် ဟာတွေကို နောင် စဉ်းစား၊ လက်ရှိ ထွက်လာမယ့် (20) Percent ထဲကနေ ကျွန်တော်တို့ ကျောက်ဖြူဒေသဖွံ့ဖြိုးရေး၊ ဒီဘက် ရခိုင်မြောက်ပိုင်းဒေသ ဖွံ့ဖြိုးရေးကို ကျွန်တော်တို့ သုံးမယ်ဆိုတဲ့ သဘောမျိုးတော့ ကျွန်တော်တို့ ကြားရပါတယ် ဆိုတဲ့အခါကျတော့ ဒီ ဒေသတစ်ခု ဖွံ့ဖြိုးမှုနဲ့ ပတ်သက်လို့ စက်မှုဝန်ကြီးဌာနမှာ ခုန ကလို လက်ရှိ အခြေအနေမှာ ကျွန်တော်တို့ရဲ့ စစ်တွေဒေသဟာ မဖွံ့ဖြိုးဘဲ ခုနကလို ပြဿနာပေါင်းစုံ ရှိတဲ့ ဒေသဖြစ်ပေမယ့်လို့လည်း ရေရှည်မျှော်မှန်းပြီးကာမှ အစီအစဉ်တစ်ခု ဆွဲပေးစေချင်ပါတယ်။ ဒီလိုဆွဲပေးခြင်းအားဖြင့် လက်ရှိ ပဋိပက္ခကို တစ်စုံတစ်ခု အတိုင်းအတာအထိ ကျွန်တော်တို့ဟာ ကူညီ ပေးနိုင်မယ်လို့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ အဲဒီတော့ ဒီအချိန်၊ ဒီကာလမှာ ဒီ ပဋိပက္ခရဲ့ အားနည်းချက်ကို အားသာချက်အဖြစ် ကျွန်တော်တို့ ပြောင်းပြီးကာမှ ခုန ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာ အကူအညီတွေကို ဒီ ပဋိပက္ခ(၂)ခုရဲ့ ခုနလို ဆုံမှတ်ကို သုံးပြီးကာမှ Poverty Elimination ပြန်လုပ်နိုင်အောင် ကျွန်တော်တို့ရဲ့ ဒီ စက်မှုဇုန်တွေမှာ ခုနကလို ဘင်္ဂါလီ၊ ရခိုင် သွားတွေ့ပြီးခါမှ Trust ကို တည်ဆောက်နိုင်မယ့်သဘော ရှိပါတယ်။ အဲဒါကြောင့် နှစ်ပေါင်း(၂၀) လောက် ကျွန်တော်တို့ ဒီစက်မှုဇုန်တွေမှာ ခုနကလို ဘင်္ဂါလီက လာမယ်၊ ရခိုင်က သွားမယ်။ အဲဒါမျိုး ပူးပေါင်းဆောင်ရွက် ပြီးကာမှ ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့မယ်ဆိုရင် ဒီ လက်တွေ့၊ ကျွန်တော်တို့ လက်ရှိဖြစ်နေတဲ့ ပြဿနာဟာ တစ်စုံတစ်ခု အတိုင်းအတာအထိ ဟန့်တားပေးနိုင်မယ်။ ကျွန်တော်တို့က ကူညီပေးနိုင်မယ်လို့ ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ စက်မှုဇုန်စီမံကိန်းကို ဖြစ်နိုင်မယ်ဆိုရင် သက်ဆိုင်ရာ စက်မှုဝန်ကြီးဌာနဟာ နိုင်ငံတော် Cabinet ကို တင်ပြပေးပါ။ ကျွန်တော်တို့ ဒီဟာနဲ့ ပတ်သက်လို့ အသေးစိတ်ပြန်ပြီး လူထုနဲ့ တွေ့ဖို့ ရှိပါတယ်။

အဲဒါကြောင့်မို့လို့ မေတ္တာရပ်ခံလိုတာကတော့ဖြင့် ၂၀၁၄-၂၀၁၅ မှာဖြစ်ဖြစ်၊ လာမယ့် ကာလတစ်ခုမှာ ဒီစက်မှုဇုန်နဲ့ ပတ်သက်လို့ အသေးစိတ်ပြန်ဆွေးနွေးဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနကို တင်ပြပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး(၅)စုအား စုစည်း၍ ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ ပုလဲမြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး(၅)စုအား စုစည်း၍ ရပ်ကွက်

များအဖြစ် ပြန်လည်ဖွဲ့စည်းကာ ပုလဲမြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှာရှိတဲ့ ကျေးရွာကြီးအုပ်စု(၅)စုကို စုစည်းပြီး ရပ်ကွက်အဖြစ် ပြန်လည်ဖွဲ့စည်းကာ ပုလဲမြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ရန်ကိစ္စနှင့် ပတ်သက်၍ အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး(၅)စု ဖြစ်ကြတဲ့ နွယ်ခွေကျေးရွာအုပ်စု၊ ကုန်းတလဘောင်ကျေးရွာအုပ်စု၊ ရွှေနံ့သာကျေးရွာအုပ်စု၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စုနဲ့ ပျဉ်းမပင်ကျေးရွာအုပ်စုကြီးတို့ဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ပါဝင်နေပြီး ကျေးရွာခွဲပေါင်း (၂၂)ရွာ၊ လူနေအိမ်ခြေပေါင်း(၁၉၉၁၈)စုနဲ့ လူဦးရေပေါင်း(၇၇၂၄၈)ယောက်တို့ ရှိနေကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကျေးရွာအုပ်စုများဟာ အမှတ်(၁)နဲ့ အမှတ်(၃)လမ်းမကြီးတို့ရဲ့ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် တည်ရှိနေကြပြီး၊ စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ မြို့နယ်အဆင့် ပြည်သူ့ဆေးရုံကြီးနဲ့တကွ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းကြီးများ တည်ရှိနေပြီး လူနေတိုက်တာအိမ်ခြေများ၊ ကိုယ့်အားကိုယ်ကိုးဈေးများနဲ့တကွ အထူးစည်ကားဖွံ့ဖြိုးလျက်ရှိနေကြသော်လည်း ကျေးရွာခွဲ၊ ကျေးရွာနဲ့ ကျေးရွာအုပ်စုအဆင့်ဖြင့်သာ ဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကျေးရွာအုပ်စု(၅)စုတို့ ဖွဲ့စည်းတည်ရှိရာ အမှတ်(၁)နဲ့ အမှတ်(၃) လမ်းမကြီးတို့ဟာလည်းပဲ အဝေးပြေးခရီးသည်တင်ယာဉ်ကြီးတွေနဲ့ ကုန်တင်ယာဉ်ကြီးတွေ စက်ရုံအလုပ်ရုံကြီးတွေက ယာဉ်များနဲ့တကွ ဌာနပိုင်/ပုဂ္ဂလိကပိုင် ယာဉ်များနဲ့ နေ့စဉ် ဝင်/ထွက်သွားလာမှု အလွန်အရေးပါသည့် လမ်းမကြီးများရှိနေပြီး၊ အခုအခါ အမှတ်(၃)လမ်းမကြီးကို (၄)လမ်းသွားမှသည် (၆)လမ်းသွားအထိ တိုးချဲ့မွမ်းမံပြင်ဆင်ရန်အတွက် ကြိုးပမ်းနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ မြို့ကွက်အသစ် ဖော်ထုတ်စဉ်က ယနေ့တိုင် ကျေးရွာအုပ်စုကြီးအဖြစ် တည်ရှိနေခဲ့ကြပေမယ့် အမြော်အမြင်ကြီးမားကြတဲ့ မြို့/ရွာ စတင်တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးများက၊ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများ စနစ်တကျ မြို့ကွက်ရိုက်ကာ အုပ်စုကြီး(၅)စုကို ဗဟိုပြုနေတဲ့ ရွှေနံ့သာ

စံပြကျေးရွာ အုပ်စု ပုလဲကို ပုလဲမြို့အဖြစ် အမည်သတ်မှတ်ပေးခဲ့တာ ယနေ့တိုင်အထိ ခေါ်ယူနေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည့်အပြင် တစ်ဆက်တစ်စပ်တည်းလည်း ရှိနေသည့် အဆိုပါကျေးရွာအုပ်စုကြီး(၅)စုအား စုစည်းပြီး မြို့အဆင့် အမြန်တိုးမြှင့် သတ်မှတ်ပေးနိုင်ပါရန် ဒေသခံမိဘပြည်သူတစ်ရပ်လုံးက အထူးလိုလားတောင်တလျက် ရှိနေကြပါ၍ မိမိအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ နိုင်ငံတော်သမ္မတကြီးထံ ထောက်ခံတင်ပြပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့က တစ်ကြိမ်၊ ဇူလိုင်လ ၃၀ ရက်နေ့က တစ်ကြိမ်၊ (၂)ကြိမ်မျှ အလေးအနက် ပန်ကြားတင်ပြချက်များအရ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း သက်ဆိုင်ရာသို့ ဆက်လက်တင်ပြရန် ကြိုးပမ်းစီစဉ်လျက်ရှိကြောင်း သတင်းကောင်းရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ မြို့အဆင့် တိုးမြှင့်သတ်မှတ်ပေးရန် အချိန်အခါနဲ့ အခြေအနေကောင်းများ လိုအပ်ချက်များ ပြည့်စုံနေပြီဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဖော်ပြပါ ကျေးရွာအုပ်စုကြီး(၅)စု စုစည်း၍ ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ ပုလဲမြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကို ဖြေကြားပေးနိုင်ပါရေးအတွက် ဒေသခံမိဘပြည်သူအားလုံးတို့၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလေးအနက်တင်ပြ မေးမြန်းအပ်ပါတယ်။ ကျေးဇူးများစွာတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၁။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်ဟာ အရှေ့ဘက်မှာ လှည်းကူးမြို့နယ်နဲ့ မြောက်ဥက္ကလာပမြို့နယ်၊ အနောက်ဘက်မှာ ရွှေပြည်သာမြို့နယ်နဲ့ အင်းစိန်မြို့နယ်၊ တောင်ဘက်မှာ မရမ်းကုန်းမြို့နယ်နဲ့ အင်းစိန်မြို့နယ်၊ မြောက်ဘက်မှာ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်တို့နဲ့ဆက်စပ်လျက်ရှိပြီး ဧရိယာစတုရန်းမိုင်(၄၂.၂၂)မိုင်၊ ဧကအားဖြင့်(၂၈,၃၀၁.၇၇) ဧက ကျယ်ဝန်းကာ အရှေ့အနောက်(၃.၇၈)မိုင်နဲ့ တောင်မြောက်(၁၁.၇)မိုင်ခန့် ရှိပါတယ်။ မင်္ဂလာဒုံမြို့နယ်မှာ ရပ်ကွက်(၂၇)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု(၅)အုပ်စုရှိတဲ့ ကျေးရွာ(၂၀)တို့နဲ့ ဖွဲ့စည်းထား

ရှိပြီး အိမ်ခြေ(၄၀,၈၆၇)အိမ်၊ အိမ်ထောင်စု(၄၉,၃၄၇)စုနဲ့ လူဦးရေ(၂၃၀,၁၈၉)ဦး ရှိပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်(၂၇)ရပ်ကွက်အနက် (၁၃)ရပ်ကွက်ကို ထောက်ကြန့်မြို့အဖြစ် ဖွဲ့စည်းထားရှိပြီး ကျန်(၁၄)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု(၅)အုပ်စုမှာရှိတဲ့ ကျေးရွာ(၂၀)ရွာကို မင်္ဂလာဒုံ မြို့နယ်အဖြစ် သတ်မှတ်ထားရှိပါတယ်။

မင်္ဂလာဒုံမြို့နယ်အတွင်းမှာရှိတဲ့ နွယ်ခွေကျေးရွာအုပ်စု၊ ကုန်းတလဘောင်ကျေးရွာအုပ်စု၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာအုပ်စုနဲ့ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စုများမှာ ရှိတဲ့ ကျေးရွာ (၂၀)ရွာမှာ အိမ်ခြေ(၁၅,၄၁၂) အိမ်၊ အိမ်ထောင်စု(၁၇,၂၂၆)စု၊ လူဦးရေ (၇၅,၇၇၇)ဦးနဲ့ စာသင်ကျောင်း(၁၉)ကျောင်း၊ ဆေးရုံ(၁)ရုံ၊ ဆေးပေးခန်း(၆)ခု၊ စက်ရုံအလုပ်ရုံ(၆၇)ရုံ တည်ရှိပါတယ်။ အဲဒီ ကျေးရွာများက ရန်ကုန်မြို့နဲ့ (၁၈)မိုင်ခန့်သာ ကွာဝေးပြီး ရန်ကုန်မြို့နဲ့ (၂၁)မိုင်ခန့်သာကွာဝေးတဲ့ ထောက်ကြန့်မြို့နဲ့ ကပ်လျက်တည်ရှိနေတဲ့အတွက် ရပ်ကွက်များ အဖြစ်သာ အဆင့်တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျေးရွာအုပ်စုမှ ရပ်ကွက်များအဖြစ် ပြင်ဆင်ဆောင်ရွက်ရာမှာ ရပ်ကွက်တစ်ခုချင်းရဲ့ နယ်နိမိတ်ဧရိယာ တိကျမှန်ကန်မှုရှိစေရေး အတွက် သက်ဆိုင်ရာဌာနများမှ မြေပြင်ကွင်းဆင်းတိုင်းတာစိစစ်မှုများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီ ကျေးရွာများက အမှတ်(၁)နဲ့ အမှတ်(၃)လမ်းမကြီးတို့ရဲ့ လမ်းမကြီးဘေးမှာ တည်ရှိပြီး စက်မှုဇုန်များနဲ့ နီးကပ်စွာ တည်ရှိနေခြင်း ကြောင့် စက်မှုဇုန်လုပ်သားများ လာရောက်နေထိုင်လျက် ရှိတဲ့အတွက် ခေတ်နဲ့လျော်ညီစွာ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြည့်စုံနေသဖြင့် ရပ်ကွက်သဖွယ် ဖြစ်နေပါတယ်။

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည် လို့ ပြဋ္ဌာန်းထားရှိပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့ အချက်အလက်များအရ မင်္ဂလာဒုံမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ အုပ်စု(၅)အုပ်စုမှ ကျေးရွာ(၂၀)ရွာကို တစ်ရွာလျှင် တစ်ရပ်ကွက်ဖြင့် ရပ်ကွက်(၂၀)ရပ်ကွက် တိုးချဲ့ ဖွဲ့စည်းကာ ယခင်ရှိထားပြီးဖြစ်တဲ့ ရပ်ကွက်(၂၇)ရပ်ကွက်နဲ့ပေါင်းပြီး စုစုပေါင်း(၄၇)ရပ်ကွက်ဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရန် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ တင်ပြခဲ့ပါတယ်။ အဆိုပါ တင်ပြချက်အရ မြောက်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက် ရက်စွဲပါ စာအမှတ်၊ ၁၁၅၉/၁-၂၁/၂၀၁၃ ဖြင့် ရန်ကုန်တိုင်း ဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ တင်ပြခဲ့လို့ ရန်ကုန်တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဆက်လက်တင်ပြရန် စီစဉ် လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မင်္ဂလာဒုံမြို့နယ်ကို ထောက်ကြန့်မြို့အဖြစ် ဖွဲ့စည်းထားတဲ့ ရပ်ကွက် (၁၃)ရပ်ကွက်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့တော်ဧရိယာမှာ ပါဝင်တဲ့ ရပ်ကွက်(၃၄)ရပ်ကွက်၊ မူလ (၁၄)ရပ်ကွက်နှင့် ကျေးရွာ(၂၀)ကို ရပ်ကွက်အဖြစ် ပြောင်းလဲဖွဲ့စည်းမည့် ရပ်ကွက်(၂၀)ဖြင့်လည်းကောင်း စုစုပေါင်း(၄၇)ရပ်ကွက်ဖြင့် ပြင်ဆင်ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးစောမော်ထွန်း(ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၃- ၁၂၁
ရက်စွဲ ၊ ၂၀၁၃ ခုနှစ် ၊ ဩဂုတ် လ ၁၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂-၇-၂၀၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို ၉-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းတွင် အခန်း(၉)ခန်း၊ ပုဒ်မ ၇၄ ခု ပါရှိပါသည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် အသုံးအနှုန်း ညီညွတ်စေရန်နှင့် ပြည့်စုံစေရန် မူလ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(စ)တို့ကို နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်နှင့် ကော်မရှင်ရုံးဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထား သော ရုံးကို ဆိုသည် ဟု ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ဂ) နိဒါန်း၌ ရည်ရွယ်ချက်များ စုစည်းဖော်ပြထား၍ မရှင်းမလင်း ဖြစ်နေပါသဖြင့် နိဒါန်းကို ပယ်ဖျက်သင့်ပါသည်။ ဥပဒေ၏ ရည်ရွယ်ချက်များကို အခန်း(၁)ခုအဖြစ် သီးခြား ရေးသားရန် လိုအပ်ပါသဖြင့် အခန်း(၂)၊ ပုဒ်မ ၃ တွင် အောက်ပါ ရည်ရွယ်ချက်များကို ရှင်းလင်းစွာ ဖြည့်စွက်သင့်ကြောင်း တွေ့ရှိရပါသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား များ၏ မူလအခွင့်အရေးများကို ပိုမို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီ ချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင် ကာကွယ်နိုင်ရန်၊

(ဃ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက် နိုင်ရန်။

(ဃ) ထို့ပြင် ကော်မရှင်၏လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူလ ပုဒ်မ ၃ ကို ပုဒ်မ ၄ အဖြစ် နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦးအထိ ပါဝင်သော မြန်မာနိုင်ငံ အမျိုးသားလူ့ အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည် ဟု ပြင်ဆင်သင့်ကြောင်း တွေ့ရှိရ ပါသည်။

(င) ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့တွင် အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ပိုမိုပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် မူလ ပုဒ်မ ၄၊ ပုဒ်မခွဲ(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ နှင့် မူလပုဒ်မ ၄၊ ပုဒ်မခွဲ(စ) ပြည်ထောင်စု

လွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးတို့ကို ပယ်ဖျက်ပြီး ပုဒ်မ ၅၊ ပုဒ်မခွဲ(င) မြန်မာနိုင်ငံ တရားလွှတ်တော် ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦးနှင့် ပုဒ်မ ၅၊ ပုဒ်မခွဲ(စ) မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဟု ပြင်ဆင်သင့်ပါသည်။ မူလ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဇ)ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး ဟု ပြင်ဆင်သင့်ပြီး ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ) အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ပါသည်။ အသက် ၃၅ နှစ်ထက်မငယ် အသက် ၇၅ နှစ်ထက် မကြီးဆိုသည့် မူလပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၏ အမြင့်ဆုံး အသက်ကန့်သတ်ချက်ကို ပယ်ဖျက်ခြင်းဖြင့် အသက်ကြီးသူ လုပ်နိုင်ကိုင်နိုင်သူများကို လမ်းဖွင့်ပေးရာ ရောက်စေပါသည်။

(စ) နိုင်ငံတော်သမ္မတအနေဖြင့် ကော်မရှင် အဖွဲ့ဝင်များကို ခန့်ထားတာဝန်ပေးအပ်ရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ထက် မနိမ့်သော အဆင့်အတန်းကို သတ်မှတ်ပေးနိုင်ရန် မူလပုဒ်မ ၈ ကို ပုဒ်မ ၉ အဖြစ် နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပုဒ်မ ၈ အရ တင်ပြသည့် ကော်မရှင် အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့ကို တစ်ပါတည်း သတ်မှတ်ရမည် ဟု လည်းကောင်း၊ မူလပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ကို ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) အဖြစ် နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခြားကော်မရှင် အဖွဲ့ဝင်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ထက် မနိမ့်သော အဆင့်အတန်းကို သတ်မှတ်ပေးရမည်နှင့် ပုဒ်မခွဲ(ခ) ကော်မရှင်အဖွဲ့ဝင်များသည် ပုဒ်မခွဲ(က) နှင့်အညီ သတ်မှတ်ပေးထားသော အဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့် ရှိစေရမည် အဖြစ် လည်းကောင်း ပြင်ဆင်သင့်ပါသည်။ မူလ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ကို လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် အချက်ကို ဖြည့်စွက်ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ဆ) လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရ သာမက ပြည်ထောင်စုလွှတ်တော်သို့ပါ အစီရင်ခံ တင်ပြနိုင်ရန် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)ကို တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် ကိုက်ညီမှု ရှိ/မရှိ ကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း ဟု လည်းကောင်း၊ ပုဒ်မ၂၂၊ ပုဒ်မခွဲ(ဃ)ကို နိုင်ငံတော်၏ လူ့အခွင့်အရေး အခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်

မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းဟုလည်းကောင်း၊ မူလပုဒ်မ ၃၈ ကို ပုဒ်မ ၃၉ အဖြစ် စုံစမ်းစစ်ဆေးမှု တစ်ရပ် ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏ စုံစမ်းတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပြီး အများပြည်သူ သိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင်သည် ဟု လည်းကောင်း ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ဇ) ဆောင်ရွက်ဆဲ တရားစီရင်ရေး လုပ်ငန်းများကို အနှောင့်အယှက်ပြုရာ မရောက်အောင် မူလပုဒ်မ ၃၆ ကို ပုဒ်မ ၃၇၊ ပုဒ်မခွဲ(က) အဖြစ် တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက် အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲ အမှုများ ဟု ပြင်ဆင်သင့်ပါသည်။ မူလအခန်း(၆) အစည်းအဝေး များ ကျင်းပခြင်းအခန်းပါ ပုဒ်မ ၄၅ မှ ၄၉ အထိ ပယ်ဖျက်ပြီး အရေးအသားကျစ်လစ်စေရန် ပုဒ်မ ၂၇ အဖြစ် ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူး အစည်းအဝေးများ ကျင်းပခြင်း၊ အစည်းအဝေး အထမြောက်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု ပြင်ဆင်ဖော်ပြသင့်ကြောင်း တွေ့ရှိရပါသည်။

(ဈ) ကော်မရှင်သည် မိမိ၏ ဘဏ္ဍာရန်ပုံငွေအပေါ် လွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ရန်နှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားလွတ်လပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် မူလပုဒ်မ ၅၀ ကို ပုဒ်မ ၄၆ အဖြစ် နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သော ဘဏ္ဍာငွေကို ထောက်ပံ့ရမည်။ အဆိုပါ ဘဏ္ဍာငွေကို ဘဏ္ဍာရေး ကော်မရှင်က သင့်လျော်သော သီးခြားခေါင်းစဉ် တစ်ရပ်ဖြင့် ခွင့်ပြုပေးရန် စီစဉ်ရမည် ဟု လည်းကောင်း၊ မူလပုဒ်မ ၅၅ ကို ပုဒ်မ ၅၁ အဖြစ် ကော်မရှင်သည် -

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့ စည်းပုံအတွင်း လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။

(ခ) ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ ခံစားခွင့်များကို သတ်မှတ်ရမည်။

ဟု လည်းကောင်း၊ မူလပုဒ်မ ၅၆ ကို ပုဒ်မ ၅၂ အဖြစ် ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ဘဏ္ဍာရေးခွင့်ပြုချက်ဘောင်အတွင်းမှ ကော်မရှင်ရုံး အကြီးအမှူး အပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်ဟု လည်းကောင်း၊ ပုဒ်မ ၆၂ ကို

ပုဒ်မ ၅၇ အဖြစ် ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည်ဟု လည်းကောင်း ပြင်ဆင်သင့်ပြီး ပုဒ်မ ၅၈ အဖြစ် ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ် ပေးနိုင်သည်ဟု အသစ်ဖြည့်စွက်သင့်ကြောင်း တွေ့ရှိရပါသည်။

(ည) ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ လိုအပ်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ကော်မရှင်က ရေးဆွဲထုတ်ပြန်နိုင်ရန် မူလပုဒ်မ ၇၄ ကို ပုဒ်မ ၆၉ အဖြစ် ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်။

(ဋ) ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် မူလပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၄၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၇ နှင့် ပုဒ်မ ၆၅ တို့ကိုလည်းကောင်း၊ မြန်မာသဒ္ဒါ အထားအသိုနှင့် ရေးထုံးတို့ ညီညွတ်စေရန် မူလပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၈၊ ပုဒ်မ ၃၀၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၇ တို့ကိုလည်းကောင်း အရေးအသားများ ပြင်ဆင်ပြီး ပြောင်းလဲသွားသည့် အမှတ်စဥ်များအတိုင်း စီစဥ်သင့်ပါသည်။ မူလပုဒ်မ ၆၄ ကို အစီအစဥ် တကျဖြစ်စေရန် ပုဒ်မ ၂၃ အဖြစ် ပြောင်းလဲဖော်ပြသင့်ကြောင်း တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ပါ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် အသေးစိတ်ညှိနှိုင်းမေးမြန်းဆွေးနွေးခဲ့ပြီးနောက် လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ထား ခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပေးပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ကြီးများ၊ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင် ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီနေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော်မှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအပေါ် ဆွေးနွေးအကြံပြု တင်ပြခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၁) နိဒါန်းအပိုင်းနဲ့ ပတ်သက်လို့ ကျွန်တော် ဆွေးနွေးတင်ပြချင်တာကတော့ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက ကမ္ဘာ့လူ့အခွင့်ရေး ကြေညာစာတမ်းကို အတည်ပြုချက် ချမှတ်၍ ထုတ်ပြန်ကြေညာခဲ့ ပါတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ အဓိကကျတဲ့ စာချုပ်(၉)ခုရှိတဲ့အနက် မြန်မာနိုင်ငံ ပါဝင်ချုပ်ဆိုခဲ့တဲ့ စာချုပ်(၃)ခုရဲ့ အမည်ကို နိဒါန်းအပိုင်းမှာ ဖော်ပြသင့်တယ်လို့ ယူဆမိတဲ့အတွက် ဒီစာချုပ်(၃)ခုရဲ့အမည်ကို ဖြည့်စွက်ဖော်ပြပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

နောက် အခန်း(၂)ကော်မရှင် ဖွဲ့စည်းခြင်း။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၃ တွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်အနည်းဆုံး(၉)ဦးမှ (၁၅)ဦးအထိ ပါဝင်သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်ဆိုသော စာပိုဒ်အစား နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်(၂၁)ဦးပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကို ဖွဲ့စည်းရမည် ဆိုတဲ့ စာပိုဒ်ကို အစားထိုးဖို့အတွက် အဆိုပြုပါတယ်။ ဆိုလိုတာကတော့ နိုင်ငံတော် သမ္မတမှ ခန့်ထားရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီမှ ကော်မရှင် အဖွဲ့ဝင် တစ်ဦးစီပါဝင်ပြီး အခြားသင့်တော်သူ(၇)ဦးနဲ့ ခန့်ထားတာဝန်ပေးခြင်းအားဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ

ရှိတဲ့ လူ့အခွင့်အရေးကိစ္စရပ်များကို အလွယ်တကူသိရှိ တင်ပြနိုင်မည်ဖြစ်သောကြောင့် ဖြစ်ပါတယ်။ လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

နောက် ပုဒ်မ ၄ ကော်မရှင်အဖွဲ့ဝင်လောင်းများ စိစစ်ရွေးချယ်ရေးအဖွဲ့။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်အဖွဲ့ဝင်လောင်းများ စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ပုဒ်မခွဲ(စ) ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်(၂)ဦးအစား နံပါတ်(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ နံပါတ်(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း၊ ပုဒ်မခွဲ(စ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးအစား မြန်မာနိုင်ငံ ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦးဟု ပြင်ဆင်ထားပါက ပို၍သင့်လျော်မည် ဟု ထင်မြင်ယူဆပါသဖြင့် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

နံပါတ်(၄) အမည်စာရင်း တင်သွင်းခြင်းနှင့် ဆက်သွယ်၊ ရွေးချယ်ခန့်ထားခြင်း။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော အသက် (၃၅)နှစ်ထက်မငယ်၊ အသက်(၇၅)နှစ်ထက်မကြီး ဖြစ်ခြင်းဟူသော စာပိုဒ်တွင် အသက် (၃၅)နှစ်ထက် မငယ်ဟူသော စာပိုဒ်အစား အသက်(၄၀)ထက်မငယ်ဆိုသော စာပိုဒ်ကို အစားထိုးသင့်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

နံပါတ်(၅) အဆင့်အတန်းနှင့် ရပိုင်ခွင့်များ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၁ တွင် နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ ကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များကိုလည်းကောင်း သင့်လျော်သော အဆင့်အတန်း သတ်မှတ်ပေးရမည်ဟု ဖော်ပြပါရှိပါသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ အဆင့်အတန်း ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားရပိုင်ခွင့်များကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့နှင့် တန်းတူ အဆင့်အတန်းနှင့် အခွင့်အရေးများ ပေးအပ်သင့်ပါကြောင်း အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ ကြွရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းရဲ့ ပုဒ်မ ၄၂ နဲ့ ၄၃(က)ကို ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ၊ မြန်မာနိုင်ငံနှင့် အသက်သွေးကြောတမျှ အရေးကြီးသည့် ဥပဒေလို့ ကျွန်တော် ခံယူပါတယ်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့လို့ ယခုလို ဥပဒေပြဋ္ဌာန်းလိုက်ခြင်းလို့ ယူဆပါတယ်။ တစ်ဖက်မှလည်း လူ့အခွင့်အရေး ချိုးဖောက်မှု မပေါ်ပေါက်အောင် ကြိုတင်ကာကွယ်မှုအနေနဲ့ ပြဋ္ဌာန်းထားတာလည်း ဖြစ်နိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုဟာ နေရာတကာ မှာရော၊ လူ့အဖွဲ့အစည်းအသီးသီးမှာရော ဖြစ်နိုင်ပါတယ်။ ဥပဒေကြမ်း ပုဒ်မ ၄၂ အရ ကျွန်တော်တို့ ဖော်ပြထားတဲ့နေရာမှာ ကျွန်တော်တို့ အကျဉ်းထောင်နဲ့ အကျဉ်းစခန်း၊ အချုပ်အခန်းနဲ့ ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းလို့ ဖော်ပြထားပါတယ်။ အဲဒီ ပုဒ်မ ၄၂ မှာ အကျယ်တဝင့်ပြုပြီး ကျွန်တော်တို့ ပြဋ္ဌာန်းစေချင်တာကတော့ ကျွန်တော်တို့ တခြားအဖွဲ့အစည်းများ ဖြစ်ကြတဲ့ ကျွန်တော်တို့ ကိုယ်ပိုင်ကျောင်းများ၊ နောက် အစိုးရကျောင်းများ နောက် မိဘမဲ့ဂေဟာများ အလုပ်ရုံ၊ စက်ရုံများနှင့် အလုပ်သမား၊ လယ်သမား၊ ဘာသာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ ညအိပ် ညနေ ဘော်ဒါဆောင်များ၊ တည်းခိုခန်းများနဲ့ အုပ်ချုပ်ရေးရုံး အဆင့်ဆင့်များ၊ တရားရေးရုံးများအပြင် လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ဆက်ဆံတဲ့နေရာမှာလည်း ပြဿနာဖြစ်နိုင်ပါသဖြင့် ဒီဥပဒေကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် တံခါးဖွင့်ပြီးမှ ကျွန်တော်တို့ ပြဋ္ဌာန်းသင့်ကြောင်း ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဒုတိယအနေနဲ့ ကျွန်တော်တို့ ပုဒ်မ ၄၃ (က)မှာ ဘယ်လိုဖော်ပြထားလဲဆိုတော့ ပုဒ်မ ၄၂ အရ ဆောင်ရွက်ရာတွင် ကော်မရှင်သည် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်ဆိုပြီးတော့ နံပါတ် (က)မှာ ကြည့်ရှုစစ်ဆေးလိုသော ကာလကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းဌာနများသို့ ဝင်ရောက်စစ်ဆေး ကြည့်ရှုခွင့် ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ခုန ကျွန်တော် တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ တခြား အဖွဲ့အစည်းကိုလည်းပဲ အဲဒီလိုပုံစံမျိုးအပြင် ကျွန်တော်တို့ ကြိုတင်ပြီးတော့ အကြောင်းကြားတာထက် ဒါလည်း အပါအဝင် နောက် ကျွန်တော်တို့ လိုအပ်ပါက ရှောင်တခင် ဝင်ရောက်ပြီးမှ စစ်ဆေးမှုများ တကယ်ပြုလုပ်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီလို ရှောင်တခင် ဝင်ရောက်စစ်ဆေး သွားရောက်ပြီးမှ စုံစမ်းပါက ကျွန်တော်တို့ အဖြစ်အပျက်မှန်ကို သိရှိတဲ့အခါမှာ ကျွန်တော်တို့ လူ့အခွင့်အရေး ချိုးဖောက်မှု ရှိ/မရှိ ဆိုတာလည်း ပေါ်လွင်နိုင်မည် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီဟာကို ရှောင်တခင် ဝင်ရောက်စစ်ဆေးသင့်ကြောင်းကို လည်း အဲဒီဥပဒေကြမ်းမှာ ကျွန်တော်တို့ ထည့်သွင်းသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီ အမျိုးသားလွှတ်တော် အနေနဲ့လည်း ဒီဥပဒေ လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြည်သူတို့ထံမှ တိုင်စာနဲ့ အသနားခံစာများကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာလည်း ကျွန်တော်တို့ လက်ခံထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆောင်ရွက် တဲ့နေရာမှာ ကိုယ်တိုင်ထိရောက်မှု ဆောင်ရွက်မှု မပြုလုပ်နိုင်တဲ့ အတွက်ကြောင့်မို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကို လွှဲပြောင်းပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေနဲ့လည်း တကယ့်တကယ် ကိုယ့်ရဲ့ လက်အောက်ခံဝန်ထမ်းများ ဖြစ်တဲ့အတွက်ကြောင့် အရေးယူမှုအပိုင်းမှာလည်း အားနည်း

ချက်များရှိတယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးပါက ကျွန်တော်တို့ တိုင်းပြည်ဟာပိုမိုပြီးမှ ကောင်းမွန် လာမယ်၊ ကောင်းမွန်သောအုပ်ချုပ်ရေးနဲ့ သန့်ရှင်းသောအစိုးရ ပေါ်ပေါက်လာမှာ ဧကန်မလွဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီကော်မရှင်ကို ကျွန်တော် အလေးအနက် ထောက်ခံပြီး ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၈။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပြီးတော့ အေးချမ်းကြပါစေလို့ မေတ္တာပို့သဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီမှာအစောတုန်းက ကျွန်မတို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံ တင်ပြသွားတဲ့အထဲမှာ နိဒါန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားတာ ရှိပါတယ်။ အဲဒါကို ကျွန်မ လုံးဝထောက်ခံပါတယ်။ နောက် ကျန်တာကတော့ ကျွန်မတို့နိုင်ငံဟာ အခု ကမ္ဘာ့နိုင်ငံ အသီးသီးနဲ့ အချိတ်အဆက် လုပ်ပြီးတဲ့အခါကျတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အားလုံး ဖွံ့ဖြိုး တိုးတက်ဖို့ ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်မတို့ နှစ်ကာလ ရှည်ကြာစွာ တောင်းခဲ့တဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး၊ ဒါက အင်မတန် အရေးကြီးတဲ့ အချိန်လည်း ဖြစ်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကော်မရှင်ပေါ်လာတာကို ကျွန်မတို့ လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းပမ်းတသာ ကြိုဆိုပါတယ်။

သို့သော်ငြားလည်းပဲ ဒီဥပဒေမူကြမ်းထဲမှာ ကျွန်မတို့က လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်နှင့်အညီ ကျွန်မတို့ ဥပဒေပြုရေးမှာကျွန်မတို့ တာဝန်ရှိတာနဲ့အညီ ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဒီထဲမှာ ကိုက်ညီလား၊ မကိုက်ညီလား ဘာတွေလိုလဲ ဆိုတာကို ကျွန်မတို့ နည်းနည်း လေ့လာကြည့်ပါတယ်။ လေ့လာကြည့်တဲ့အခါကျတော့ ကျွန်မတို့ ပြီးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ထဲမှာ ကော်မတီတွေ၊ ကော်မရှင်တွေ နောက် နိုင်ငံတော်သမ္မတမှအစ ကျွန်မတို့ လွှတ်တော်အစက အဖွဲ့အစည်းတွေ အများကြီး ဖွဲ့ခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီမှာ အရည်အချင်း သတ်မှတ်ချက်ဆိုတာ ရှိပါတယ်။ အဲဒီ အရည်အချင်း သတ်မှတ်ချက်ထဲမှာ အခု လူ့အခွင့်အရေးကော်မရှင်မှာတော့ သူက အရည်အချင်း သတ်မှတ်ချက်ဆိုပြီး သူက ရေးထားတာ မဟုတ်ဘဲနဲ့ သူက ဖွဲ့စည်းပြီးတော့ ခန့်ထားတာ၊ ရွေးချယ်ပြီးတော့ ခန့်ထားတာဆိုပြီးတော့ သူက အဲဒီလိုမျိုး အမည်စာရင်း တင်သွင်းခြင်းနဲ့ ရွေးချယ် ခန့်အပ်ခြင်း ဆိုပြီးတော့ သူက အဲဒီမှာ အဖွဲ့ဝင်လောင်းတစ်ယောက်မှာ ရှိရမယ့် အရည်အချင်းတွေ

ပေ့ါနော် အဲဒါတွေကို သူက ရေးထားပါတယ်၊ ရေးထားပြီးတော့ နောက်တစ်ခုကျတော့မှ တစ်ခါ ထပ်ပြီးတော့ အောက်ပါတို့တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံရှိခြင်း ဆိုပြီးတော့ ထပ်ပြီးတော့ နှစ်ဆင့် သူက အဲဒီလို ဖော်ပြထားပါတယ်။ သို့သော်ငြားလည်းပဲ အဲဒီဖော်ပြထားတဲ့အချက်တွေ ထဲမှာ တကယ်ရှိသင့်ရှိထိုက်တဲ့ ကျွန်မတို့ အဆက်ဆက် အဖွဲ့အစည်းအသီးသီး ဖွဲ့တိုင်းဖွဲ့တိုင်းမှာ ပါတဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ်တွင် သစ္စာစောင့်သိသူ ဖြစ်ခြင်းဆိုတဲ့ဟာ မပါ ပါဘူး။

အဲဒီတော့ ကျွန်မဆန္ဒအရဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပါတဲ့ လုပ်ထုံးလုပ်နည်း များနဲ့အညီ တကယ်လည်းဖြစ်သင့်တာဖြစ်တဲ့ ဒီကော်မရှင်အဖွဲ့ဝင်ရဲ့ အရည်အချင်းမှာ သတ်မှတ် ချက်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားအပေါ်မှာ သစ္စာစောင့်သိ ရှိသေသူဖြစ်ခြင်း ဆိုတာလေးကို ဖြည့်စွက် ပြီးတော့ ထည့်စေချင်ပါတယ်။ နောက်တစ်ခုကတော့ ဒါ မိဘနှစ်ပါးဟာ တိုင်းရင်းသား မြန်မာနိုင်ငံ သားမှ မွေးဖွားသူ နိုင်ငံသား ဖြစ်ရမည်လို့ ကျန်တာတွေမှာ ပါ ပါတယ်။ အဲဒီလိုပဲ ဒီဟာမှာလည်း အဲဒီ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်သည်ဆိုတာလေးကို ထပ်ပြီးတော့ ထည့်ပေးစေချင် ပါတယ်။ ဒါကတော့ ကျွန်မတို့ သူ့ရဲ့ အရည်အချင်းနဲ့ ပတ်သက်လို့ပါ။ နောက်တစ်ခုကတော့ သူက ဒီမှာ နောက်ဆုံးမှာ တကယ်လို့ သူတို့ တာဝန်ဝတ္တရား နှောင့်ယှက်တဲ့အခါမှာ တာဝန်ဝတ္တရား နှောင့်ယှက် သလို ဖြစ်တယ်ဆိုလို့ရှိရင် အရေးယူမယ်ဆိုတာတွေ ဘာတွေ နောက်ပိုင်းမှာ တော်တော်များများ ဒါတွေလည်း ပါ ပါတယ်။ သူတို့ ဆောင်ရွက်မယ့်ဟာရော နောက်ပြီးတော့ တုံ့ပြန်ပြီးတော့ နည်းနည်း အချိန်ယူသင့်တာကို ယူဖို့ရော ပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်မတို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါပဲ ကျွန်မတို့ အရည်အချင်း သတ်မှတ်ချက်တွေ ပါရမယ်။ နောက် ကျန်တာတွေ ပါမယ်။ နောက် စွပ်စွဲပြစ်တင်ခြင်းပါမယ်။ သို့သော်ငြားလည်းပဲ ဒီမှာတော့ သူတို့နဲ့ပတ်သက်ပြီးတော့ ဒီကော်မရှင်နဲ့ ပတ်သက်ပြီးတော့ နောက်ဆုံးအဆုံးသတ်မှာ တကယ်လို့များ သူတို့ဘက်က တာဝန်ဝတ္တရား ပျက်ကွက် ခဲ့တာရှိလို့ရှိရင် ဘယ်လိုစွပ်စွဲအပြစ်တင်လို့ ရတယ်ဆိုတဲ့ အပိုဒ် မပါ ပါဘူး။ အဲဒီအခန်း မပါ ပါဘူး။ မပါတော့ ကျွန်မကတော့ ပြန်ပြီးတော့ လေ့လာလို့ရတဲ့ လေ့လာတွေ့ရှိချက်များအရတော့ များသော အားဖြင့် ကျွန်မ ရေးထားပြီးသားပါ။

သို့သော်လည်း မဖတ်တော့ဘူး။ ဒီတိုင်းပဲ ပြောလိုက်တော့မယ်။ များသောအားဖြင့်တော့ စွပ်စွဲပြစ်တင်ခြင်း ပါ ပါတယ်။ ပါတယ်ဆိုတော့ ဒီကော်မရှင်မှာလည်း ကော်မရှင်အဖွဲ့ဝင်တွေထဲက တစ်စုံတစ်ရာ တကယ်လို့များ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ သို့မဟုတ် သူတို့ရဲ့ အရည်အချင်းတွေ ပျက်ယွင်းတယ်ဆိုရင် နိုင်ငံတော် ကနေပြီးတော့ သို့မဟုတ် နိုင်ငံသားတွေထဲက ဒါကို သိတဲ့ လူထဲက ဘယ်လို လုပ်ထုံးလုပ်နည်းနဲ့ ဘယ်လို နည်းစနစ်နဲ့ ဘယ်လို မူဘောင်နဲ့ စွပ်စွဲပြစ်တင်လို့ရမယ်၊ ရတဲ့အခြေအနေ ဖြစ်တယ်ဆို တာလေးလည်း မပါဘူး။ အဲဒီတော့ တကယ် အပြည့်အစုံ ပါစေချင်တဲ့ ဟာကတော့ အဲဒီစွပ်စွဲ ပြစ်တင်ခြင်းဆိုတဲ့ အပိုဒ်လေးလည်း ထည့်ပေးစေ လိုပါတယ်။ နောက်တစ်ခါ အရည်အချင်းမှာတော့ မဖြစ်မနေ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ်မှာ သစ္စာစောင့်သိရှိသေသူ ဖြစ်ရမည်ဆိုတာလေးရယ်၊ နောက် တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးတယ် ဆိုတာလေးရယ် ထည့်ပေးစေလိုပါတယ်။ ကျန်တာ တွေကတော့ ကျွန်မ အစောက ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း တင်ပြသွားပြီ ဖြစ်တဲ့အတွက် အားလုံးကို

ကျွန်မက သဘောတူပါတယ်။ အားလုံးကို ထောက်ခံပါတယ်။ အဲဒီဟာလေးကိုတော့ ထည့်ပေးစေလို ပါတယ်။ ကျွန်မ ဒီအဖွဲ့အစည်းပေါ်လာတာကိုလည်း ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်က ဥပဒေကြမ်း အဖွဲ့ရဲ့ တင်ပြထားတဲ့ တင်ပြချက်ကိုပဲ ထောက်ခံပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ လူ့အခွင့်အရေးဆိုတာ ဒီမိုကရေစီရဲ့ အခက်အလက် ဖြစ်ပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးတိုင်းက ဒီမိုကရေစီ ဆောင်ချင်မှ ဆောင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် လူ့အခွင့်အရေးဆိုတဲ့ စာလုံး(၅)လုံးက ပိုမိုရှုပ်ထွေးတဲ့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဟာ တော်တော်အရေးကြီးတဲ့ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ဒီလို အရေးကြီးတဲ့အတွက် အထူးအရေးကြီးတဲ့အတွက် အရေးကြီးတဲ့ ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေ ဟာလည်း ဘယ်လိုဥပဒေမျိုးလဲ ဆိုတာကို ကျွန်တော်က ကိုယ်စားလှယ်တော်ကြီးများ ဥက္ကဋ္ဌကြီး မှတစ်ဆင့် အနူးအညွတ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အခု ကျွန်တော်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေရဲ့ အခန်း(၁)၊ ပုဒ်မ ၁ ပါ ဥပဒေအမည် အခေါ်အဝေါ်နဲ့ပတ်သက်၍ ဒီဥပဒေဟာ ဥပဒေလား၊ အမိန့် သို့မဟုတ် နည်းဥပဒေလား၊ ကျင့်ထုံးဥပဒေလား ဆိုတဲ့ကိစ္စကို ကျွန်တော့်အနေနဲ့ ဥပဒေပညာရှင်တစ်ဦး မဟုတ်သော်လည်းပဲ ကျွန်တော်၏ ထင်မြင်ချက်ကို ဆက်လက်ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီဥပဒေကို ဘယ်လိုဥပဒေမျိုးလဲဆိုတဲ့ ဥပဒေအမျိုးအမည်ကို မတင်ပြမီ ဥပဒေဆိုတဲ့ စကားရပ်နဲ့ပတ်သက်၍ ဦးစွာဆွေးနွေးလိုပါတယ်။ ဥပဒေဆိုတဲ့ ကိစ္စရပ်နဲ့ပတ်သက်၍ အကျဉ်းချုပ် တင်ပြရမည်ဆိုရင် လူများ သိရှိနေကြတဲ့ ဟာမူရာဘီဓမ္မသတ်မှာ မျက်လုံးတစ်လုံးကန်းရင် မျက်လုံး တစ်လုံး၊ ခြေတစ်ဖက်ပြတ်ရင် ခြေတစ်ဖက်၊ လက်တစ်ဖက်ပြတ်ရင် လက်တစ်ဖက် ပေးဆပ်ရတဲ့ ပြစ်ဒဏ်များ ပေးခဲ့သည်ကို အများက အသိပဲ ဖြစ်ပါတယ်။ ခေတ်ကာလ ကြာမြင့်လာတဲ့အခါ လူတွေဟာ ဥပဒေများပြဋ္ဌာန်း၍ အုပ်ချုပ်လာသည်နှင့်အညီ ဥပဒေဆိုတဲ့ကိစ္စဟာ ခေတ်အလျှောက် ထွန်းကားလာတာ တွေ့ရပါတယ်။ ယခုခေတ်မှာဆိုရင်တော့ အက်ဥပဒေတို့၊ ဥပဒေတို့၊ အမိန့်တို့၊ ကျင့်ထုံးဥပဒေ၊ နည်းဥပဒေ စသည့် ဥပဒေအမျိုးမျိုး ပြုစုပြီး သုံးနှုန်းလာတာကို တွေ့ရှိရပါတယ်။ အက်ဥပဒေကတော့ ကာလဒေသပေါ် မူတည်ပြီး ယခင်က ပြုခဲ့တဲ့ ဥပဒေဖြစ်တဲ့အတွက် ဥပဒေ ဆိုတဲ့ အမျိုးအမည်ဟာ ဥပဒေနဲ့ အက်ဥပဒေဟာ တစ်သဘောတည်း ဖြစ်ပါတယ်။ အမိန့်ဆိုတဲ့

ဥပဒေကတော့ တရားမဥပဒေတွင် အသုံးပြုတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် တရားမဥပဒေမှာ တရားမအမှုများမှာ သက်သေခံအချက်အလက် ရရှိဖို့အတွက် အမိန့်စွယ်စုံ ၂၁ သို့မဟုတ် ၂၂ ဖြင့် လည်းကောင်း၊ ကျေအေးခွင့်ကို အမိန့် ၂၃၊ ၂၁ စသည်ဖြင့် သုံးနှုန်းတာကို တွေ့ရှိရပါတယ်။

ဥပဒေဆိုတဲ့ ဥပဒေမှာတော့ ရာဇသတ်ဥပဒေ ယခုဆိုရင်တော့ ပြစ်မှုဆိုင်ရာဥပဒေ ပြစ်မှုဥပဒေလို့ ခေါ်ပါတယ်။ အဲဒီပြစ်မှုဥပဒေနဲ့ အထူးဥပဒေဟူ၍ ခွဲခြားပြီးတော့ ရှိတာကို တွေ့ရှိရပါတယ်။ မူလအဲဒီ ဥပဒေတွေမှာ မူလညွှန်ကြားချက်တွေ၊ မူလတားမြစ်ချက်တွေ၊ မူလပြစ်ဒဏ် သတ်မှတ်ချက်တွေ ပါဝင်နေတာကို တွေ့ရှိရပါတယ်။ ထို့အပြင် နောက်ထပ် ဥပဒေလို့ခေါ်ဆိုတဲ့ ဥပဒေတစ်မျိုးကတော့ တခြားဥပဒေကို ရည်ညွှန်းမှု မရှိဘဲ မူလဥပဒေတွင် မူလလမ်းညွှန်ချက်၊ တားမြစ်ချက်များ ပါဝင်တဲ့ ဥပဒေတစ်မျိုးလည်း ရှိပါသေးတယ်။ သာဓကအားဖြင့် တင်ပြရမယ် ဆိုရင်တော့ သက်သေခံ ဥပဒေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတို့ဟာ ကျွန်တော် ပြောတဲ့ ဥပဒေထဲမှာ ပါပါတယ်။

တဖန် ပြစ်မှုနဲ့ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင်တော့ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ သေဒဏ် ဆိုပြီး ယေဘုယျအားဖြင့် (၅)မျိုးရှိတာကို တွေ့ရှိရပါတယ်။ ကြိမ်ဒဏ်ကိုတော့ ဆိုရှယ်လစ်ဥပဒေသ (၈)ချက်အရ အသုံးပြုနေသည်မှာ ကြာခဲ့ပြီ ဖြစ်ပါတယ်။ တစ်သက်တစ်ကျွန်းဒဏ်ကတော့ နေရာဒေသ အခက်အခဲအတွက် ဒီပြစ်ဒဏ်ကို သီးသန့်ချမှတ်ကြတာကို မတွေ့ရှိရပါဘူး။ ထောင်ဒဏ်ဆိုတဲ့ ပြစ်ဒဏ်မှာ အလုပ်မဲ့ ထောင်ဒဏ်နဲ့၊ အလုပ်နှင့် ထောင်ဒဏ် ဆိုပြီး နှစ်မျိုးရှိပြီး ဥပဒေ၏တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ပါက ထောင်ဒဏ်အမျိုးမျိုး သို့မဟုတ် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်အမျိုးမျိုးနှင့် ငွေဒဏ်များကို အပြစ်ပေး အမိန့်ချတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒီ အခု တင်ပြထားတဲ့ ဥပဒေတစ်ရပ်မှာ အလုပ် သို့မဟုတ် အလုပ်နဲ့ ထောင်ဒဏ် ဟု သတ်မှတ်ဖော်ပြခြင်း မရှိပါ။ ပြစ်ဒဏ် ချမှတ်ရာမှာ အလွန့်အလွန် အခက်အခဲများနဲ့ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ သို့သော် ယခု တင်သွင်းထားတဲ့ ဥပဒေကြမ်းမှာ မူလလမ်းညွှန်ချက်၊ မူလတားမြစ်ချက်နဲ့ မူလပြစ်ဒဏ်များ မပါရှိတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုတာ ရှင်းလင်းပြတ်သားခြင်း၊ ကန့်သတ်သတ်မှတ်ခြင်း သတ်မှတ်သည့် ပြစ်ဒဏ်များ ပါဝင်တဲ့ အကြောင်းအရာများ ဖြစ်ပါတယ်။ ဒါပေမဲ့ တင်သွင်းထားသည့် ဥပဒေမှာ စာကိုယ်ကို လေ့လာပါက အခန်း(၁)မှာ အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)မှာ ကော်မရှင်ဖွဲ့စည်းခြင်း အခန်း(၃)မှာ ကော်မရှင် အဖွဲ့ဝင်တစ်ဦးရဲ့ သက်တမ်းရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးတွင် ဖြည့်စွက်ခန့်ထားခြင်း အခန်း(၄)မှာ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် အခန်း(၅)မှာ စုံစမ်းစစ်ဆေးခြင်း၊ အခန်း(၆)မှာ အစည်းအဝေးကျင်းပခြင်း၊ အခန်း(၇)မှာ ဘဏ္ဍာရေး၊ အခန်း(၈)မှာ ဝန်ထမ်းဖွဲ့စည်းခြင်းနှင့် အခန်း(၉)မှာ အထွေထွေ ဆိုပြီး ပါရှိနေတာကို တွေ့ရှိရပါတယ်။ အထက်ပါအခန်းကဏ္ဍကို လေ့လာကြည့်မယ်ဆိုရင် ကော်မရှင်၏ လုပ်ဆောင်ရမည့် အခြေအနေ အချက်အလက် တာဝန်များသာဖြစ်ပြီး မူလကန့်သတ် တားမြစ်ချက်၊ မူလပြစ်ဒဏ်များ တစ်စုံတစ်ရာ မပါရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တင်သွင်းထားတဲ့ ဥပဒေဟာ

ဘယ်လိုဥပဒေမျိုးလဲ ဆိုတာကို သုံးသပ်ဖို့ အထူးလိုအပ်လျက် ရှိပါတယ်။ ဥပဒေဆိုတဲ့ အမည်ပေါက်နေတဲ့ ဥပဒေမှာ မူလကန့်သတ်တားမြစ်ချက် ရှိနေပြီး မူလပြစ်ဒဏ်တွေရှိတာကို တွေ့ရှိရပါတယ်။ သို့သော် တင်သွင်းထားတဲ့ ဥပဒေမှာ အထက်ဖော်ပြပါ အချက်အလက်များ မပါရှိသောကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ဟု အမည်သတ်မှတ်ရန် မဖြစ်နိုင်ကြောင်း တွေ့ရှိရပါတယ်။

အမိန့် ဆိုတဲ့ ဥပဒေအသုံးအနှုန်းမှာလည်း စေခိုင်းခြင်းနှင့် စီစဥ်ဆောင်ရွက်ရန် ပေးထားချက်သာ ဖြစ်တဲ့အတွက် တင်သွင်းထားတဲ့ ဥပဒေကြမ်းမှာ စေခိုင်းခြင်းနှင့် ပေးထားချက် မပါရှိသဖြင့် အမိန့်ဟု မခေါ်ဆိုနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ နည်းဥပဒေဆိုတဲ့ အသုံးအနှုန်းမှာလည်း ပင်မဥပဒေထဲမှာပါတဲ့ အကြောင်းအရာတွေ ဆောင်ရွက်ရန် လမ်းညွှန်ပြဋ္ဌာန်းခြင်းသာ ဖြစ်သဖြင့် ဥပဒေကြမ်းရဲ့ အခန်း(၅)အရ ဥပဒေများအား ညွှန်ပြထားခြင်း ရှိပေမယ့် ပင်မဥပဒေ မရှိသဖြင့် နည်းဥပဒေတွေ မခေါ်ဆိုနိုင်ကြောင်း တွေ့ရှိရပါတယ်။ ကျင့်ထုံးဥပဒေဆိုတဲ့ အသုံးအနှုန်းတွင် တရားမကျင့်ထုံး ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေစသည့် ဥပဒေများ ရှိပါတယ်။ ဥပမာ တရားမကျင့်ထုံးဥပဒေ မှာ တရားမဥပဒေမရှိဘဲ တရားမ နစ်နာမှုများတွင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဟု စေခိုင်းချက်များ ပါဝင်ပြီး တခြားဥပဒေများကို ညွှန်ပြထားတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် အမိန့်တို့၊ နည်းဥပဒေတို့ စသည်ဖြင့် ပြထားပါတယ်။ ထို့အတူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှာလည်း ပြစ်မှု အမြင်ရှိသော်လည်း ပင်မဥပဒေ မရှိဘဲ မူလပြဋ္ဌာန်းချက်နဲ့ တခြားဥပဒေများကို ညွှန်ကြားထားရှိတာ တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် အာမခံဥပဒေ ရဲ့ အက်ဥပဒေ တို့ ပါရှိပါတယ်။ ထို့အတွက် တင်သွင်းထားတဲ့ ဥပဒေမှာ ဥပဒေကြမ်းတွင် တားမြစ်ချက်၊ ပြစ်မှုပြစ်ဒဏ်များ မပါရှိဘဲ ဥပဒေကြမ်း အခန်း(၅)တွင် ပါရှိတဲ့ စေခိုင်းခြင်းနဲ့ တခြားဥပဒေများကို ညွှန်ပြခြင်းများသာ ပါဝင်နေသဖြင့် ယခု ဥပဒေကြမ်းမှာ ကျင့်ထုံးဥပဒေနှင့် လက္ခဏာချင်း တူနေတာကို တွေ့ရှိရပါတယ်။ ထို့ကြောင့် တင်သွင်းထားတဲ့ ဥပဒေကြမ်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကျင့်ထုံးဥပဒေ ဟု ခေါ်ဆိုသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ရှင်းလည်း ရတော့ရပါတယ်။ ဒါပေမဲ့ ပညာရပ်ဆိုင်ရာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာဥပဒေကြမ်းကော်မတီကပဲ ရှင်းပါလိမ့်မယ်။ အဲဒီတော့ ဥပဒေဆိုတဲ့စကား ပါဠိပျက်ဖြစ်တယ်။ တကယ့် ပါဠိစကား အပြည့်အစုံက ဥပဒေသ၊ သ ပါမှ သူက ပါဠိစကား အဲဒါကတော့ စည်းကမ်း၊ နည်းလမ်း၊ ညွှန်ကြားချက် ဒါ ပါဠိအဘိဓာန်မှာ ဒီလိုပဲရေးပါတယ်။ ဥပဒေလို့ ဖြစ်လာ တာကတော့ Law ဆိုတဲ့ အင်္ဂလိပ်စာကို ဘာသာပြန်လိုက်တာပါ။ ဘာသာပြန်တဲ့ ရှေးတုန်းက မြန်မာ များက ဥပဒေလို့ ဘာသာပြန်တယ်။ သ မပါတော့ ဒီသဘောပါပဲ။ အဲဒီတော့ ဥပဒေပြုတဲ့အခါမှာ အဖွဲ့အစည်းတွေ ဖွဲ့စည်းတဲ့ ဥပဒေတွေရှိပါတယ်။ ဘဏ္ဍာရေးကော်မရှင်ဥပဒေ၊ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ၊ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ ဥပဒေ၊ ဒါတွေက ပြစ်မှု၊ ပြစ်ဒဏ် မလိုပါဘူး။ သို့သော်လည်း အသေးစိတ် အမျိုးအစားတွေ ခွဲဖို့ကျတော့ ရှည်မှာ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီကပဲ ရှင်းပေးလိုက်ပါ။

**အချိန်၊ ၁၁း၂၄။ဏ**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ သမ္မတရုံးဝန်ကြီး ဦးစိုးမောင် တင်သွင်းသွားခဲ့တဲ့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေ နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင်မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို မတင်ပြခင် ခုန ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တွေ ကလည်း တော်တော်ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားပါတယ်။ အဲဒီမှာ နှစ်ချက်ပါပဲ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ် ကော်မရှင် ဖွဲ့စည်းခြင်းအပိုင်းမှာ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးကို ပယ်ဖျက်ဖို့ တင်ပြထားတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဖြစ်နိုင်ရင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် နှစ်ဦးကို ထည့်သွင်းထားစေချင်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လွှတ်တော် ဆိုတာ ပြည်သူ ကိုလည်း ကိုယ်စားပြုနေတာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကိုယ်စားလှယ်တော်ကြီး ဦးအုန်းတင် တင်သွားတဲ့ ကိုယ်စားလှယ် (၂၁)ဦးအားလုံးပါနိုင်ရင်တော့ ကောင်းပါတယ်ခင်ဗျာ။ သို့သော်လည်း ကျွန်တော်တို့ နိုင်ငံတကာမှာ ပြန်ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ အမျိုးသားကော်မရှင်တွေမှာ၊ လူ့အခွင့်အရေးကော်မရှင် တွေမှာ အများအားဖြင့်(၁၀)ဦး၊ (၁၂)ဦး ဒီလောက်ပဲ တချို့ဆိုရင်(၄)၊ (၅)ဦးပဲ ပါဝင်ပါတယ်။ အဲဒီလို ဖွဲ့စည်းထားတာတွေ့ရပါတယ်။ ဥပမာအားဖြင့် အင်ဒိုနီးရှားမှာဆိုရင် ကျွန်တော်တို့ (၁၂)ဦး နောက် မလေးရှားမှာဆိုရင် လူ့အခွင့်အရေးကော်မရှင်ကို (၇)ဦးနှင့် ဖွဲ့ထားပါတယ်။ နောက် ဖိလစ်ပိုင်မှာ ဆိုရင် (၄)ဦး၊ ထိုင်းမှာ (၆)ဦး၊ အိန္ဒိယမှာ(၄)ဦး စသည်ဖြင့် အဲဒီတော့ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ ကြည့်လို့ရှိရင်တော့ ကျွန်တော်တို့ ဒီမှာသတ်မှတ်ထားတဲ့၊ အဆို မူကြမ်းမှာတင်ထားတဲ့ (၇)ဦးနှင့် (၁၅)ဦး အဖွဲ့ဝင်ထဲမှာ(၉)ဦး၊ အများဆုံး(၁၅)ဦးဆိုတာ ကျွန်တော်တို့ သင့်တော်ပါတယ်လို့ ကျွန်တော့် အနေနဲ့ ထောက်ခံဆွေးနွေးလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဟာ အရေးကြီးတာက ဘယ်အခြေခံမူတွေပေါ်မှာ တည်မှီပြီးတော့ ဒီဥစ္စာဖြစ်ပေါ်လာတယ်ဆိုတာကို ကျွန်တော်တို့ နည်းနည်းလေးတော့ သိဖို့လိုပါတယ်။ အမျိုးသား လူ့အခွင့်အရေးကော်မတီ ဟုတ်လား။ စနစ်ဆိုတာ ကျွန်တော်တို့ လူ့အခွင့်အရေးကော်မရှင်ရဲ့ အဓိပ္ပာယ်ကတော့ လူ့အခွင့်အရေးကော်မရှင် ဆိုတာ သဘာဝလောကကြီးမှာ သဘာဝအလျောက် ရှိသင့်သော လူသားတို့ရဲ့ အခွင့်အရေးများဖြစ်ပြီး

ဂုဏ်အခွင့်အရေးများ မရှိလျှင် လူသားအဖြစ် သက်ရှင်နေထိုင်နိုင်စွမ်းမရှိ ဟု ယေဘုယျအားဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းရဲ့နိဒါန်းအပိုင်းမှာ လူ့အခွင့်အရေးနဲ့ လူ့သိက္ခာကို လေးစားလိုက်နာခြင်းသည် ကမ္ဘာကြီးမှာ လွတ်လပ်မှုတရားမျှတမှုနဲ့ ငြိမ်းချမ်းမှု ပေါ်ထွန်းရေး အတွက် အခြေခံအုတ်မြစ် ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ဒါ ကုလသမဂ္ဂရဲ့ ယေဘုယျ ဖွင့်ဆိုချက် ဖြစ်ပါတယ်။အဲဒီတော့ ဒီစနစ်ကဘယ်လို ဖြစ်ပေါ်လာလဲဆိုတော့ နိုင်ငံတကာ အနေနဲ့ ကျွန်တော်တို့ ပထမဦးစွာမှီခိုအားထားရတာတော့ လူ့အခွင့်အရေးယန္တရား ဖြစ်ပါတယ်။ နိုင်ငံအသီးသီးအနေနဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ကာကွယ်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုပါတယ်လို့ ကျွန်တော်တို့ ကုလသမဂ္ဂက သတ်မှတ်ထားပါတယ်။ အဲဒါတွေကတော့ ဘာလဲဆိုတော့ (က) လိုအပ်တဲ့ ဥပဒေပြဌာန်းရန်၊ (ခ) လွတ်လပ်သော တရားစီရင်မှုရှိရန်၊ (ဂ) လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား အကာအကွယ်ပေးပြီး နစ်နာမှုရှိပါက ကုစားပေးမည့်ဥပဒေ ပြဌာန်းမှုနှင့် ဥပဒေအရ အရေးယူမှု ရှိရန် နှင့် (ဃ) ဒီမိုကရေစီနည်းကျသည့် အဖွဲ့အစည်းများ ထူထောင်ရန် ဆိုတာ ဖြစ်ပါတယ်။

ဒီလိုကိစ္စတွေကို အောင်မြင်အောင်ဖော်ဆောင်ဖို့အတွက် ဆိုလို့ရှိရင်တော့ နိုင်ငံအသီးသီးမှာ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းတွေ တည်ထောင်ဖို့ လိုအပ်ပါတယ်။ ဒီအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများရဲ့ နောက်ခံသမိုင်းကတော့ အားလုံးလည်း သိပြီးသား ဖြစ်မှာပါ။ Paris Principle ကျွန်တော်တို့ ပြင်သစ်မှာတော့ ပါရီ လို့ပဲ ခေါ်ပါတယ်။ တချို့ အင်္ဂလိပ်စကားပြော နိုင်ငံကတော့ Paris လို့ခေါ်တယ်။ကျွန်တော် ပြင်သစ်မှာ (၅)နှစ်လောက်နေလာတော့ အဲဒီမှာ ပါရီ လို့ပဲ ခေါ်ပါတယ်။ အဲဒီတော့ Paris Principle မှာ သူက အဲဒီရဲ့ အခြေခံမူတွေကို ချမှတ်ထား ပါတယ်။ အဲဒီတော့ ၁၉၉၄ ခုနှစ် မတ်လ မှာ ကျင်းပတဲ့ကုလသမဂ္ဂ အထွေထွေညီလာခံကတော့ ဒီ ပါရီအခြေခံလုပ်ငန်းနဲ့ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ရန် တိုက်တွန်းတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ ချမှတ်ခဲ့ပါတယ်။ အဲဒီတော့ ဒီဖွဲ့စည်း တည်ထောင်မှု အနေနဲ့ ဘယ်လိုလူတွေပါရမလဲဆိုလို့ရှိရင် အထူးသဖြင့် အောက်ပါ နယ်ပယ်များမှ ကိုယ်စားလှယ် များနဲ့ ဖွဲ့စည်းနိုင်ပါတယ်။ (က) လူ့အခွင့်အရေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေသော အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ (ခ) အလုပ်သမားသမဂ္ဂများ၊ (ဂ) လူမှုရေးဆိုင်ရာနှင့် လုပ်ငန်းပိုင်း ဆိုင်ရာအဖွဲ့အစည်းများ (ဥပမာ - ရှေ့နေများအသင်း၊ ဆရာဝန်များအသင်း၊ စာနယ်ဇင်းသမားများ အသင်းနှင့် ထင်ရှားသော သိပ္ပံပညာရှင်များအသင်း)၊ (ဃ) အတွေးအခေါ်ပိုင်းဆိုင်ရာနှင့် ဘာသာရေး အတွေးအခေါ်ဆိုင်ရာ နယ်ပယ်များမှ ပုဂ္ဂိုလ်များ၊ (င) တက္ကသိုလ်များ၊ (စ) အရည်အချင်း ရှိသည့် ကျွမ်းကျင်ပညာရှင်များ၊ (ဆ) လွှတ်တော်အမတ်များဆိုတာ ပါ ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် လွှတ်တော်အမတ်ကို ထည့်ချင်တာပါ။ (ဇ) အစိုးရဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရဌာနမှ ကိုယ်စားလှယ် ဆိုရင်တော့ သူက အကြံပေးချက်အနေနဲ့ပဲ ထည့်တာ၊ သူက ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး။ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့အစည်းတွေက သူက သုံးမျိုးလောက် ရှိပါတယ်။

ပထမ အများဆုံးဖွဲ့တာ ကတော့ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Human Right Commission) ဒုတိယအနေနဲ့တော့ လူ့အခွင့်အရေးရုံး (Ombusmen) ပေါ့၊ (ဂ) အထူးပြု အဖွဲ့အစည်းများ (Specialized Institutions) ဆိုပြီးတော့ အဆင့်လိုက်သွားပါတယ်။ အဲဒီ

အဖွဲ့အစည်း သုံးမျိုးထဲမှာတော့ အများဆုံးဖွဲ့တာ (၅၈)ရာခိုင်နှုန်းကတော့ ကျွန်တော်တို့ လူ့အခွင့်အရေး ကော်မရှင်တွေ ဖြစ်ပါတယ်။ (၃၀)ရာခိုင်နှုန်းကတော့ လူ့အခွင့်အရေးရုံး (Ombusmen) နဲ့ (၁၂)ရာခိုင်နှုန်းကတော့ ခုန အခြားသဏ္ဍာန်တွေ ဖြစ်တဲ့ Institutions တွေ ဖြစ်ပါတယ်။ အဲဒီတော့ အခြေခံအဆောက်အအုံမှာ ခေါင်းဆောင်ပိုင်း အနေနဲ့ကတော့ ကျား/မ မျှတစွာ ပါဝင်ထား သင့်တယ်လို့ သူက ဆိုပါတယ်။ ဒါကြောင့် ကျွန်တော် ရွေးတဲ့အခါမှာ အမျိုးသမီး၊ အမျိုးသား မျှမျှတတ ရွေးရပါတယ်။ ဘဏ္ဍာရေး ငွေကြေးထောက်ပံ့မှု အပိုင်းကတော့ အစိုးရထောက်ပံ့ရတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အစိုးက ထောက်ပံ့ပေမယ့် သူက ဆုံးဖြတ်ချက်ကျတော့ Independent ပေးထားရပါတယ်။ တချို့ အဖွဲ့အစည်းတွေကတော့ အစိုးရ ထောက်ပံ့မှုအပြင် တချို့နိုင်ငံတွေမှာဆိုရင် အလှူရှင်တွေက ပူးပေါင်းပါဝင်မှုကို လက်ခံကြ ပါတယ်။

ပါရီအခြေခံမူမှာတော့ အစိုးရငွေကြေးထောက်ပံ့မှု မယူရဘူးလို့ မပါပါဘူး။ အမျိုးသား လူ့အခွင့်အရေးဖွဲ့စည်းတည်ထောင်မှုနဲ့ ဥပဒေတွေနဲ့စပ်လျဉ်းပြီးတော့ အာမခံချက် အရှိဆုံး အဖွဲ့အစည်း၊ တာဝန်နဲ့လုပ်ပိုင်ခွင့် သတ်မှတ်ပေးထားခြင်း ဖြစ်ပါတယ်။ ဒုတိယအာမခံချက်ကတော့ လွှတ်တော်ကနေ ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးတော့ လုပ်ပိုင်ခွင့်ကို ကျယ်ပြန့်စွာ ပေးထားတဲ့ အစီအစဉ် ဖြစ်ပါတယ်။ သို့ရာတွင် တချို့နိုင်ငံတွေမှာတော့ နိုင်ငံတော်သမ္မတရဲ့အမိန့်နဲ့လည်း ဖွဲ့စည်း တာဝန်ပေးတာတွေ ရှိပါတယ်။ မိမိတို့ အာဆီယံမှာဆိုရင်တော့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းတို့မှာ လူ့အခွင့်အရေးကော်မရှင်တွေ ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ သုံးသပ်ချက်အနေနဲ့ နိုင်ငံများအနေနဲ့ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင် တဲ့အခါမှာ ဒီအဖွဲ့အစည်းတွေကို ကျွန်တော်တို့၊ ဒီပါရီ အခြေခံမူတွေနဲ့ တည်ထောင်ရမှာ ဖြစ်ပေမယ့် မိမိတို့နိုင်ငံရဲ့ လိုအပ်ချက်အခြေအနေနဲ့ ကိုက်ညီမယ့်အဖွဲ့အစည်းတွေကို ဖွဲ့စည်းသွားဖို့ လိုပါတယ်။ အဲဒီတော့ အဲဒီအခြေခံမူတွေနဲ့ ကျွန်တော်တို့ ပြန်ပြီးတော့ ကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ မူကြမ်းမှာပါတဲ့ အချက်အလက်တွေဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ တော်တော်လေး ပါရီအခြေခံမူနဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။ ကျွန်တော် ခုနပြောသလို အမျိုးသမီး၊ အမျိုးသား မျှမျှတတ ပါဝင်ရမယ်ဆိုတဲ့ အချက်တွေပါတယ်။

နောက်ပြီးတော့ တိုင်းရင်းသား လူမျိုးများလည်းမျှမျှတတ အဲဒါကတော့ ရွေးချယ်တဲ့ အပေါ်မှာ မူတည်ပါတယ်။ ခုန (၁၅)ကိုရွေးတဲ့အခါမှာ တိုင်းရင်းသားတွေကိုလည်း ထည့်ရွေးရ ပါမယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ အဲဒီအချက်လည်း ပါပါတယ်။နောက်ကျွန်တော်တို့ရဲ့ ပုဒ်မ ၁၂ မှာဆိုလို့ရှိရင် ပုဒ်မ ၁၁ အရ သတ်မှတ်ထားတဲ့ အဆင့်အတန်းရဲ့ ရပိုင်ခွင့်များကို ကော်မရှင်အဖွဲ့ဝင် တစ်ဦးနဲ့ သက်တမ်းကာလတစ်ခုအတွင်း လျှော့ချခြင်းမပြုရ။ ဘာကြောင့်လဲဆိုတော့ ဒီကော်မရှင်ဟာ သူကအပေါ်ကနေ ဖြုတ်လိုက်မှာ ကြောက်နေရရင် သူက မဖြစ်ဘူး။ သူက လွတ်လွတ်လပ်လပ် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူ့ရဲ့သက်တမ်းကာလ တစ်လျှောက်မှာတော့ သူ့ရဲ့ရာထူးကို လျှော့ချခြင်း မပြုရဆိုတဲ့ အချက်ကလေးကို ထည့်ထားတာ ဖြစ်ပါတယ်။

အဲဒီတော့ အသေးစိတ်တော့ ကျွန်တော် မပြောတော့ဘူး။ တစ်ချက်ချင်း ကျွန်တော်တို့ ကြည့်တဲ့အခါမှာလည်း တော်တော့ကို ခု ဆွဲထားတဲ့ လူ့အခွင့်အရေးကော်မရှင် ဥပဒေဟာတော်တော်လေး

ပြည့်ပြည့်စုံစုံ သူတို့ တစ်နှစ်ကျော်လောက် အချိန်ယူပြီးတော့ သက်ဆိုင်ရာ ပညာရှင်တွေနဲ့ ပူးပေါင်း ဆွေးနွေးထားတဲ့ ဥပဒေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေပြီးတော့ အတည်ပြုသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၅)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးစိုင်းမြမောင် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/ ၂၀၁၃- ၁၂၀
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ် လ ၁၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သည့် မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ စတင်တင်သွင်းခဲ့ပြီး ၁-၈-၂၀၁၃ ရက်နေ့အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ အမျိုးသားလွှတ်တော်၌ ဆွေးနွေးနိုင်ပါရန် ၂-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၀၅/ပသ(ကမတ)၁/၂၀၁၃-၃၃၈ ဖြင့် ပေးပို့လာပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို (India Act XXII) အဖြစ် ၁၉၃၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယခု ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်(၁၃)ခုပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၁ သည် ဥပဒေ၏ အမည်ဖွင့်ဆိုချက် ဖြစ်ပါသည်။ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့သည် မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)အား အစားထိုးခြင်း၊ ပုဒ်မ ၁၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၂၊ ပုဒ်မ ခွဲ(၃)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၅)တို့ကို အသစ်ဖြည့်စွက်ခြင်းတို့ ဖြစ်ပါသည်။ ဤပြင်ဆင်ဖြည့်စွက်ချက်များသည် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီစေရန်လည်းကောင်း၊ နိုင်ငံတကာလေကြောင်း ဥပဒေများနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) ဥပဒေကြမ်းအပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ နှင့် အပိုဒ် ၈ တို့သည် မူလပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ခ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဍ)၊ ပုဒ်မ ၅-က၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅-က၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၇ တို့တွင် စကားရပ်များ အစားထိုး ခြင်း၊ ပုဒ်မ ၄-က၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဆ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ ငယ်(ထ) တို့ကို အသစ်ဖြည့်စွက်ခြင်းတို့ ဖြစ်ပါသည်။ ဤပြင်ဆင်ဖြည့်စွက်ချက်များသည် ပို့ဆောင်ရေးဝန်ကြီးဌာနက Safety Oversight လုပ်ငန်းတာဝန်များ၊ serious incident ကို စုံစမ်းစစ်ဆေးရန်တာဝန်များ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လေဆိပ်များတွင် ကုန်ပစ္စည်းနှင့် ဝန်စည်များ သိမ်းဆည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရန်လည်းကောင်း ခေတ်စနစ်နှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ဂ) ဥပဒေကြမ်း အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ နှင့် အပိုဒ် ၁၃ တို့သည် မူလ ဥပဒေပုဒ်မ ၉ ကို အစားထိုးခြင်း၊ မူလပုဒ်မ ၈-ခ ၏နောက်တွင် ပုဒ်မ ၈-ဂ၊ ပုဒ်မ ၉-က နောက်တွင် ပုဒ်မ ၉-ခ၊ ပုဒ်မ ၁၁ နောက်တွင် ပုဒ်မ ၁၁-က နှင့် ပုဒ်မ ၁၁-ခ၊ ပုဒ်မ ၁၆ နောက်တွင် ပုဒ်မ ၁၆-က နှင့် ပုဒ်မ ၁၆-ခ တို့ကို အသစ် ဖြည့်စွက်ခြင်းတို့ ဖြစ်ပါသည်။ ဤပြင်ဆင်ဖြည့်စွက်ချက်များသည် လေဆိပ် တည်ဆောက်မှုဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်နိုင်ရန်လည်းကောင်း၊ လေဆိပ်ဇရိယာတွင် တည်ရှိနေသော လေယာဉ်လမ်းကြောင်းနှင့် မလွတ်ကင်းသည့် နေအိမ်အဆောက်အအုံနှင့် သစ်ပင်များ ဖယ်ရှားခြင်း၊ နစ်နာကြေးနှင့် လျော်ကြေးများ သတ်မှတ်ပေးလျော်ခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများကို လုပ်ဆောင်နိုင်ရန်လည်းကောင်း၊ လေယာဉ်နှင့် လေယာဉ်အပိုပစ္စည်းများ၊ စက်ပစ္စည်းနှင့် စက်ကိရိယာများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ကင်းလွတ်ခွင့် ရယူဆောင်ရွက်နိုင်ရန်လည်းကောင်း နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် အပြည်ပြည်ဆိုင်ရာ လေကြောင်း အဖွဲ့ချုပ်၏ သုံးစွဲနေသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ နိုင်ငံတကာဥပဒေများနှင့် ကိုက်ညီစေရန် လည်းကောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံများနှင့် တန်းတူကျယ်ပြန့်စွာ လွှမ်းခြုံနိုင်စေရန်လည်းကောင်း၊ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများကို ခေတ်စနစ်နှင့် လျော်ညီစွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လေဆိပ်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ပြုစုရေးဆွဲထားခြင်း ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က သဘောတူ အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၈-၂၀၁၃ (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ ယခု နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၄၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၂း၄၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၂း၄၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားတဲ့ပုဂ္ဂိုလ်များရှိသဖြင့်ဖတ်ကြားတင်ပြပါမယ်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဦးအေး၊ မန္တလေး(၇)၊ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ဦးရှုမောင်၊ ရှမ်း(၈)၊ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဦးလှဆွေ၊ မကွေး (၁၂)၊ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ဦးနေဝင်းထွန်း ၊ ရှမ်း(၉) (၁၇) ယောက်အနက်မှာ ဦးဝီလ်ဆင်မိုး၊ ဦးလှဆွေ၊ ဦးထွန်းဇော်၊ ဦးနေဝင်းထွန်းကတော့ ကိုယ်တိုင်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ကျန်တဲ့ (၁၃)ဦးကတော့ ကော်မတီ ကိစ္စနဲ့ပတ်သက်ပြီးတော့ (I-၁၄)မှာ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၂း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၉။**

**ဦးတင်ယု(ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြန်လည်စိစစ်တင်ပြသည့် အစီရင်ခံစာအား ကော်မတီဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက် အရ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၃ - ၁၂၂
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

နိဒါန်း

၁။ ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး၂-၇-၂၀၁၃ ရက်နေ့က ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ဤဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်က ၇-၈-၂၀၁၃ ရက်နေ့အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၈-၂၀၁၃ ရက်နေ့တွင် အစည်းအဝေးပြုလုပ်ပြီး လေ့လာစိစစ်ခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ထပ်မံပြင်ဆင်သင့်သည့် ပုဒ်မ(၁၀)ခု ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-

(က) ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က) အဓိပ္ပာယ် ဖွင့်ဆိုချက်ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန်နှင့် ပြည်သူ့လွှတ်တော်ကပြင်ဆင် အတည်ပြုသည့် ဥပဒေပုဒ်မ ၈(က) ကို အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်ချက် အတိုင်းထားရှိရန် သဘောတူညီခဲ့ပါသည်။

(ခ) ထို့အပြင် ပြည်သူ့လွှတ်တော်က မူလအတိုင်းထားရှိရန် ပြင်ဆင်အတည်ပြုခဲ့သည့် ဥပဒေပုဒ်မ ၉ ကို လုပ်ငန်းလိုင်စင် အမျိုးအစားများ ခွဲခြားဖော်ပြနိုင်ရန်အတွက် အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ဂ) အမျိုးသားလွှတ်တော်က အသစ်ဖြည့်စွက်သည့် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရန်ကိစ္စနှင့်စပ်လျဉ်း၍စီးပွားဖြစ်နှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများ ကွဲပြားခြားနားစေရေးအတွက် အမျိုးသားလွှတ်တော်၏ မူလဖြည့်စွက်ချက် အတိုင်း ထားရှိသင့်ကြောင်း သဘောတူညီခဲ့ပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေပုဒ်မ၁၅၊ ပုဒ်မခွဲ(ဂ)နှင့် စပ်လျဉ်း၍ အခြားအခကြေးငွေများကို အချိန်အခါအရပြောင်းလဲ ကောက်ခံခြင်းမှာ ဆောင်ရွက်ရန် မသင့်သဖြင့် အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်ချက်အတိုင်း ထားရှိသင့်ကြောင်း သဘောတူညီခဲ့ပါသည်။

(င) ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေပုဒ်မ ၁၇ ကို ဥပဒေပုဒ်မ ၁၉ အဖြစ်သို့ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူတို့၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက် လုံခြုံစိတ်ချရမှုကို အာမခံနိုင်စေရန်အတွက် အမျိုးသား လွှတ်တော်၏မူလပြင်ဆင်ချက်အတိုင်းထားရှိသင့်ကြောင်းသဘောတူညီခဲ့ပါသည်။

(စ) ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေပုဒ်မ ၄၆ တွင် နစ်နာဆုံးရှုံးခြင်း များကို လျော်ကြေးပေးရာ၌ ပိုမိုပြည့်စုံစေရန်အတွက် ထိခိုက်ဒဏ်ရာရရှိစေခြင်း ဆိုသည့် စကားရပ်နောက်တွင် သေဆုံးခြင်းဟူသည့် စကားရပ်ကို ထပ်မံဖြည့်စွက်၍ ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီး ဆုံးရှုံးစေခြင်း ဟု ထပ်မံဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း သဘောတူညီခဲ့ပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်သည့် ဤဥပဒေ အခန်း(၁၇) ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄ နှင့် ပုဒ်မ ၇၂ တို့ကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ဖော်ပြထားသည်နှင့် ကိုက်ညီစေရန် ပြည်ထောင်စုအစိုးရသည်ဟူသည့် စကားရပ် အား ပြည်ထောင်စုအစိုးရအဖွဲ့သည် ဟူ၍လည်းကောင်း ခုံရုံးဟူသည့် စကားရပ် များတွင် အယူခံခုံရုံး ဟူ၍လည်းကောင်း ပြန်လည်ပြင်ဆင် ဖြည့်စွက်ပြီး Appeal Tribunal ဟူသည့် အင်္ဂလိပ်အသုံးအနှုန်းကို နုတ်ပယ်သင့်ကြောင်း သဘောတူညီ ခဲ့ကြပါသည်။

(ဇ) အမျိုးသားလွှတ်တော်က အသစ်ဖြည့်စွက်သည့် ဥပဒေပုဒ်မ ၈၇ ကို ပြည်သူ့ လွှတ်တော်က ဥပဒေပုဒ်မ ၈၆ အဖြစ် ပြင်ဆင်အတည်ပြုချက်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ တာဝန်များသည် ဦးစီးဌာနတာဝန်များ၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်ပါသဖြင့် နှစ်နှစ်အတွင်းဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် ဟု ပြန်လည်ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုသင့်ကြောင်း သဘောတူညီခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၄။ သို့ပါ၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကြမ်းအပေါ်တွင် ထပ်မံပြင်ဆင်ရန် လိုအပ်သည့် အချက် (၁၀)ချက်တို့သည် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များအဖြစ် မှတ်ယူရမည်ဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အတည်ပြုဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၃(က)၊ အခန်း(၄)၊ အပိုဒ် ၈(က)၊ အပိုဒ် ၉၊ အခန်း(၅)၊ အပိုဒ် ၁၃(ဂ)၊ အခန်း(၆)၊ အပိုဒ် ၁၅(ဂ) နှင့် အပိုဒ် ၁၉ တို့အား ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၃(က)၊ အခန်း(၄)၊ အပိုဒ် ၈(က)၊ အပိုဒ် ၉၊ အခန်း(၅)၊ အပိုဒ် ၁၃(ဂ)၊ အခန်း(၆)၊ အပိုဒ် ၁၅(ဂ)နှင့် အပိုဒ် ၁၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -
အခန်း(၁၅)၊ အပိုဒ် ၄၆

လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ ကွန်ရက်အထောက်အကူပြု ပစ္စည်းတပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်း ပြုရာတွင် ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်းကြောင့် တစ်ဦး တစ်ယောက်သောသူအား ထိခိုက်ဒဏ်ရာ ရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်း တစ်စုံ တစ်ရာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်လျှင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နစ်နာသူသည် လုပ်ငန်းလိုင်စင် ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့် ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-
အခန်း(၁၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၉(က)(ခ)၊ ၆၀(က)(ခ)(ဂ)(ဃ)၊ ၆၂၊ ၆၃၊ ၆၄

အခန်း (၁၇)
အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊
ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ ဤဥပဒေအရ ချမှတ်သည့် အငြင်းပွားမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ နစ်နာသူက တင်ပြလာသည့်အခါတွင် ထပ်မံ၍ အယူခံနိုင်ခွင့် ရရှိစေမည့် အယူခံခုံရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အယူခံခုံရုံးကို ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ကိုးဦးထက် မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

၆၀။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အယူခံခုံရုံးဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေ အရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။

(ခ) အယူခံခုံရုံး အဖွဲ့ဝင်များသည် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်၊ ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ်တို့နှင့် စပ်လျဉ်း၍ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ကျွမ်းကျင်သူပညာရှင်များ ဖြစ်ရမည်။

(ဂ) အပြီးသတ် ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အယူခံခုံရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက် ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၂။ အယူခံခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၆၃။ အယူခံခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သတ်မှတ်သည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆၄။ အယူခံခုံရုံး၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ပြည်ထောင်စုအစိုးရသို့ အပြီးသတ် ဆုံးဖြတ်ချက် အစီရင်ခံစာ တင်ပြီးသည့် ကာလအထိသာ ဖြစ်သည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၉(က)(ခ)၊ ၆၀(က)(ခ)(ဂ)(ဃ)၊ ၆၂၊ ၆၃၊ ၆၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၇)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၉(က)(ခ)၊ ၆၀(က)(ခ)(ဂ)(ဃ)၊ ၆၂၊ ၆၃၊ ၆၄သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၉)၊ အပိုဒ် ၇၂၊ ၈၆

၇၂။ မည်သူမဆို ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်တစ်ရပ်ကို ဤဥပဒေအာဏာ တည်သည့်နေ့မှ နှစ်နှစ်အတွင်း ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၇၂၊ ၈၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၇၂၊ ၈၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့ ဆက်သွယ်ရေးဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

## ဆက်သွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သတ္တမအကြိမ်ပုံမှန်အစည်းအဝေးကို သြဂုတ်လ ၃၀ ရက်နေ့မှာ အပြီးသတ်ဖို့အတွက် လျာထားပါတယ်။ ကြိုတင်ပြင်ဆင်စရာရှိတာများ ပြင်ဆင်နိုင်အောင် အသိပေးခြင်း ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၄။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို (၁၃း၀၄)နာရီအချိန်တွင် ရပ်နားပါသည်။]